# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသောကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်၊ တနင်္ဂနွေနေ့။ Sunday, 29 September 2024 ၁၁၅၉၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေအတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ထိခိုက်ပျက်စီးခဲ့မှုအပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၂၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမျိုးသန့်၊ ဒေါက်တာညွှန့်ဖေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့မှုအပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးသည်။


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**


**ကြည့်ရှုစစ်ဆေး**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပေါင်းလောင်း မြစ်ကူးတံတား (အဝေရာ)တွင် ကြည့်ရှုစစ်ဆေးစဉ်။

**ယနေ့ ဖတ်စရာ**

**တောင်ငူမြို့နယ်၌ သဘာဝဘေးဒဏ်သင့်ခဲ့၍ ယာယီပိတ်ထားရသည့်ကျောင်းများ ပြန်လည်ဖွင့်လှစ်**


စာမျက်နှာ » ၉


**ရေကြီးရေလျှံ သဘာဝဘေးနှင့်အတူ ကြုံတွေ့နိုင်သော မြွေအန္တရာယ်**

ဆောင်းပါး


စာမျက်နှာ » ၁၁


**ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးရှိ လမ်းအသုံးပြုခကောက်ခံနေသည့် တိုးဂိတ်များနှင့် ပဲခူးမြစ်ကူးတံတားရှိ တိုးဂိတ်၌ QR Code System ဖြင့် ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး**


စာမျက်နှာ » ၂၁



ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ( ၁ ) ရက်သာ လိုတော့သည်။

ကြေးမုံ

# ငြိမ်းချမ်းသာယာဝပြောမှုဖြင့် ခရီးသွားမြှင့်တင်

ခန္ဓာကိုယ်ပေါ့ပါးသွက်လက်ပြီး စိတ်ရွှင်လန်းတက်ကြွလိုပါလျှင် ခရီးသွားပါဟု အကြံပြုကြသည်။ ကမ္ဘာပေါ်ရှိနိုင်ငံအများစုမှ ပြည်သူတို့သည် တစ်နှစ်လျှင်တစ်လ အားလပ်ရက်ယူကာ တစ်နှစ်တာ ပင်ပန်းနွမ်းနယ်ခဲ့သမျှကို ခရီးသွားခြင်းဖြင့် ဖြေလျှော့လေ့ရှိကြသည်။ သက်ဆိုင်ရာတာဝန်ရှိသူတို့နှင့် လုပ်ငန်းရှင်၊ ပိုင်ရှင်များကလည်း လာမည့်တစ်နှစ်တာ လုပ်ငန်းခွင်အတွင်း လန်းဆန်းတက်ကြွမှုဖြစ်စေရန်အတွက် ခရီးသွားလာခြင်းကို ခွင့်ပြုအားပေးကြသည်။

ခရီးသွားလာခြင်းကို လူတိုင်းစိတ်ဝင်စားနှစ်သက်သဖြင့် စဉ်ဆက်မပြတ်သွားလာနေကြရာ ကမ္ဘာပေါ်တွင် အကြီးမားဆုံးဝန်ဆောင်မှုလုပ်ငန်းတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။ ခရီးသွားလုပ်ငန်းသည် ဝင်ငွေအများဆုံးရရှိသော စီးပွားရေးလုပ်ငန်းများတွင်ပါဝင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖန်တီးပေးနိုင်သည်။ စာရင်းဇယားများအရ ကိုဗစ်-၁၉ ကပ်ရောဂါ မဖြစ်ပွားမီအချိန် ၂၀၁၉ ခုနှစ်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ခရီးသွားစုစုပေါင်း ၁ ဒသမ ၅ ဘီလီယံ လှည့်လည်သွားလာခဲ့ကြပြီး ခရီးသွားလုပ်ငန်းမှဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ထရီလီယံရရှိခဲ့သည်။ ခရီးသွားလုပ်ငန်းသည် ကမ္ဘာလုံးဆိုင်ရာ GDP ၁၀ ဒသမ ၃ ရာခိုင်နှုန်းရရှိခဲ့ပြီး အလုပ်အကိုင်ပေါင်း သန်း ၃၃၀ ဖန်တီးပေးနိုင်ခဲ့သည်။

ခရီးသွားလုပ်ငန်းမှတစ်ဆင့် အခွင့်အလမ်းအမျိုးမျိုးရရှိနိုင်သည်ကို ပညာရှင်များက ညွှန်းဆိုဖော်ပြကြသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊ အပြည်ပြည်ဆိုင်ရာနားလည်မှုရရှိစေရေး၊ ငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ လူ့အခွင့်အရေးကို လေးစားရေး၊ လူမျိုးရေးခွဲခြားမှုကင်းသည့် အခြေခံလွတ်လပ်ခွင့်ရရှိရေး၊ လွတ်လပ်စွာ ကိုးကွယ်ခွင့်နှင့် တန်းတူအခွင့်အရေးရရှိရေးတို့ကို ညွှန်းဆိုကြသည်။ လက်တွေ့တွင် ခရီးသွားလာမှုမှတစ်ဆင့် မတူညီသည့်နိုင်ငံများနှင့် လူမျိုးများ၏သမိုင်းများ၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ အတွေးအခေါ်၊ ယုံကြည်မှု၊ ဓလေ့ထုံးစံများကိုသိရှိပြီး လေးစားလိုက်နာခြင်း၊ ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်း၊ ကမ္ဘာ့နိုင်ငံများအချင်းချင်း ခရီးသွားလာမှုပူးပေါင်းဆောင်ရွက်ခြင်း၊ ခရီးသွားအတွေ့အကြုံများမှတစ်ဆင့် ကမ္ဘာကြီးငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ခြင်းအထိ အကျိုးကျေးဇူးများရရှိနိုင်သည်။

ခရီးသွားလုပ်ငန်းမှတစ်ဆင့် ပေါ်ထွက်လာမည့် အကျိုးရလဒ်နှင့်မျှော်လင့်ချက်များမှာ များစွာကျယ်ဝန်းနက်ရှိုင်းနေပေသည်။ အဓိကကျသောအချက်တစ်ခုမှာ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်မှုမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအထိ ဆောင်ကြဉ်းပေးနိုင်ရေးတွင် ခရီးသွားကဏ္ဍမှ ထိရောက်စွာအထောက်အကူပြုနေခြင်းပင်ဖြစ်သည်။ ခရီးသွားလုပ်ငန်း၏အရေးပါမှုနှင့် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်ပြီး ရရှိနိုင်သည့် လူမှုရေး၊ ယဉ်ကျေးမှု၊ စီးပွားရေး၊ ပညာရေး၊ နိုင်ငံရေးစသည့် ဆိုင်ရာအကျိုးကျေးဇူးများကို ပိုမိုသိရှိနားလည်စေရန်ရည်ရွယ်ပြီး ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့၊ ဖွဲ့စည်းတည်ထောင်မှုဆိုင်ရာ ပဋိညာဉ်ကို ၁၉၇၀ ပြည့်နှစ် စက်တင်ဘာလ ၂၇ ရက်နေ့တွင် အတည်ပြုခဲ့သည်။ ထိုနေ့ကို ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ဟု သတ်မှတ်ခဲ့သည်။

တစ်ကမ္ဘာလုံး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အားစိုက်ဆောင်ရွက်နေချိန်တွင် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက် မြင့်မားလာအောင် ဝိုင်းဝန်းပူးပေါင်း လက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်။ ယခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ဆောင်ပုဒ်မှာ "ခရီးသွားနှင့်ငြိမ်းချမ်းရေး လက်တွဲတူယှဉ် ဖော်ဆောင်ပေး" ဖြစ်သည်။ အဆိုပါဆောင်ပုဒ်သည် ခရီးသွားအဖွဲ့ဝင်နိုင်ငံများအားလုံးအတွက် ညွှန်းဆိုထားရာတွင် မြန်မာနိုင်ငံအနေဖြင့် အဓိကသက်ဆိုင်နေပေသည်။ မြန်မာနိုင်ငံသည် ခရီးသွားလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် အရင်းအမြစ်များစွာ ပိုင်ဆိုင်ထားပြီး မတူကွဲပြားခြားနားသည့် ယဉ်ကျေးမှုများနှင့် တိုင်းရင်းသားလူမျိုးစုပေါင်း ၁၀၀ ကျော် ပေါင်းစည်းနေထိုင်ကြသည်။ အရှေ့တောင်အာရှဒေသတွင် မဟာဗျူဟာမြောက်တည်ရှိပြီး မပျက်စီးသေးသည့် ကမ်းခြေခရီးစဉ်ဒေသများ၊ ကျွန်းစုများ၊ မြင့်မားသည့်တောင်တန်းများ၊ မြေသြဇာကောင်းသည့် မြေပြန့်လွင်ပြင်များ ပေါများကြွယ်ဝသည့်နိုင်ငံဖြစ်သည်။

ထို့အပြင် ထူးခြားသည့် သဘာဝအလှအပများ၊ သမိုင်းဝင်ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များ၊ ချစ်ခင်နှစ်လိုဖွယ်ကောင်းသည့် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် လူနေမှုဘဝပုံစံများသည် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ပိုမိုလာရောက်နိုင်သည့် ဆွဲဆောင်မှုအားကောင်းသော ကိုယ်ပိုင်ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည်။ မြန်မာနိုင်ငံသို့ ယမန်နှစ်က ပြည်ပခရီးသွားဧည့်သည် တစ်သန်းကျော်လာရောက်ခဲ့ပြီး ယခုနှစ်ပထမငါးလတွင် ခရီးသွားငါးသိန်းကျော် ဝင်ရောက်ခဲ့ပြီဖြစ်သည်။ သို့သော် အိမ်နီးချင်းနှင့်ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် နည်းပါးသည့်အရေအတွက်ဖြစ်နေသည်။ အကြောင်းမှာ ဒေသတည်ငြိမ်အေးချမ်းဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးမှာ အဓိကအချက်ဖြစ်နေရာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းသာယာဝပြောရေးလုပ်ငန်းများတွင် အားလုံးပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့

INTERNATIONAL DAY OF OLDER PERSONS

သက်ကြီးပုဂ္ဂိုလ်များ ဂုဏ်သိက္ခာရှိစွာရပ်တည်ရေး ကမ္ဘာအနှံ့ဘက်စုံပြုစုစောင့်ရှောက်ပေး

" Ageing with Dignity: The Importance of Strengthening Care and Support Systems for Older Persons Worldwide"

၁.၁၀.၂၀၂၄ နေပြည်တော်

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## တာချီလိတ်မြို့၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူနိုင်ရေး အစည်းအဝေးကျင်းပ

တာချီလိတ် စက်တင်ဘာ ၂၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူနိုင်ရေး ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာ သန်းခေါင်စာရင်းကော်မတီဝင်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းကိုက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး ဦးမင်းနိုင်ဦး၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဦးကျော်နှင့် မြို့နယ်သန်းခေါင်စာရင်း ကော်မတီအတွင်းရေးမှူး ဦးကျော်သက်နိုင်တို့က စာရင်းကောက်ကွက် ၄၀၉ ကွက်၊ စာရင်းကောက်အဖွဲ့ ၃၃ ဖွဲ့၊ စာရင်းကောက်အဖွဲ့ဝင် ၁၅၈ ဦးဖြင့် သန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာ သန်းခေါင်စာရင်းကော်မတီဝင်များက ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သော ရပ်ကွက်နှင့် ကျေးရွာများ၌ စာရင်းကောက်ယူရာတွင် တွေ့ကြုံနိုင်သောအခက်အခဲများအား ဆွေးနွေးတင်ပြရာ ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သန်းဇော်(ပြန်/ဆက်)**


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | သုတေသန | - ဒေါ်ဇင်မာဝင့် |
| | | စာပြင် | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမွဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမွဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၂၈-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပေါင်းလောင်း(အဝေရာဆည်)လက်ယာရေပေးမြောင်းမကြီး၌ ရေတိုက်စားခံရမှုကြောင့် မြောင်းတာပေါင်ကျိုးပေါက်ခဲ့သည့်နေရာများအား ပြန်လည်ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**❖ ရှေ့ဖုံးမှ**

**ပေါင်းလောင်း မြစ်ကူးတံတား(အဝေရာ)**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းတည့်ခွင် - ကျည်တောင် - ခေါမ-ညောင်ပင်သာ လမ်းကြောင်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုသည်။ ထို့နောက် ပျဉ်းမနားမြို့နယ် ပေါင်းလောင်း မြစ်ကူးတံတား (အဝေရာ)သို့ ရောက်ရှိရာ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဆိုပါလမ်းပိုင်းတစ်လျှောက်၌ ရေကြီးရေလျှံမှုဖြစ်ပေါ်စဉ် ထိခိုက်ပျက်စီးခဲ့မှုများနှင့် ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုလမ်းပိုင်းသည် ပျဉ်းမနားခရိုင်နှင့် ဇေယျာသီရိခရိုင်အကြား ဆက်သွယ်ထားပြီး လူနေများသည့် ကျေးရွာများရှိသဖြင့် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးမှုများအား ပြုပြင်၍ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်အောင် ဆောင်ရွက်ရန်လိုကြောင်းနှင့် လမ်းပိုင်းနှင့် တံတားအား အဆင့်မြှင့်တင်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပေါင်းလောင်းမြစ်ကူးတံတား(အဝေရာ)၏ ပျဉ်းမနားဘက်ခြမ်းရှိ တံတားချဉ်းကပ်လမ်း ရေတိုက်စားခဲ့မှုကြောင့် ပျက်စီးမှုအား နှစ်လွှာတစ်ထပ် ယာယီ ဘေလီတံတားထိုး၍ ပြင်ဆင်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**ပေါင်းလောင်း(အဝေရာဆည်) လက်ယာရေပေးမြောင်းမကြီး**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပေါင်းလောင်း(အဝေရာဆည်) လက်ယာရေပေးမြောင်းမကြီး၌ ရေတိုက်စားခံရမှုကြောင့် မြောင်းတာပေါင် ကျိုးပေါက်ခဲ့သည့်နေရာများအား ပြန်လည်ပြင်ဆင်ခြင်း ဆောင်ရွက်နေမှုနှင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခြေခံပညာအထက်တန်းကျောင်း (ကျောက်ချက်)၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စနစ်တကျ တွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရေနုတ်မြောင်းများ ရေဝင်ရေထွက် ကောင်းမွန်စေရေး ပြန်လည်တူးဖော် သွားရန်လိုကြောင်း၊ ရေနုတ်မြောင်းများ ပြန်လည်တူးဖော် ဆောင်ရွက်ရာတွင် တစ်နေရာတည်း ဆောင်ရွက်၍မရဘဲ အဆင့်ဆင့် ရေစီးဆင်းမှု ကောင်းမွန်အောင် နေရာစုံ၌ ဆောင်ရွက်သွားရန်လိုကြောင်း၊ ရေမြောင်း၊ **စာမျက်နှာ ၄ သို့ »»**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခြေခံပညာအထက်တန်းကျောင်းခွဲ(ဆင်သေ)၌ နုန်းများဖယ်ရှားရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

»»» စာမျက်နှာ ၃ မှ

တူးမြောင်းများ၌ ရေဝင်ရေထွက်ကောင်းမွန်စေရန် နှစ်စဉ်စစ်ဆေးမှုများ ပြုလုပ်နေရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

**အခြေခံပညာအထက်တန်းကျောင်းခွဲ(ဆင်သေ)**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးခဲ့ရပြီး ရေများပြန်လည်ကျဆင်းသွားသည့် အချိန်တွင် နုန်းတင်ကျန်ခဲ့သည့် ဆင်သေကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ နုန်းများဖယ်ရှားရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျောင်းတာဝန်ခံ ဆရာ ဆရာမများက ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် အခြေအနေများနှင့် သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က ကျောင်းပြန်လည်ဖွင့်လှစ်သင်ကြားပေးနိုင်ရေးအတွက် လိုအပ်သည်များကို အမြန်ဆုံးဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် နုန်းများ ဖယ်ရှားရှင်းလင်းခြင်းနှင့် သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက် ပေးနေကြသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ အတွက် ချီးမြှင့်ငွေများကို ပေးအပ်ပြီး ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆင်သေကျေးရွာမှ ညောင်ပင်သာကျေးရွာ လမ်းအတိုင်း ရေကြီးရေလျှံမှုကြောင့် ရေဝင်နစ်မြုပ်ခဲ့မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အပျက်အစီးများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှား ရှင်းလင်းခြင်းတို့ကို အစီအမံဖြင့် ရက်ပိုင်းအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားရန် လိုကြောင်း၊ မွန်းတည့်ခွင်-ကျည်တောင်-ခါမ-ညောင်ပင်သာ လမ်းကြောင်းသည် သွားလာမှု များပြားလာပြီဖြစ်သဖြင့် စနစ်တကျ သုတေသနပြုလုပ်ပြီး လမ်းကြောင်းအဆင့်မြှင့်တင်ခြင်းများကို ဆောင်ရွက်ပေးသွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

စာမျက်နှာ ၅ သို့ »»»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သိုက်ချောင်းတံတား (ဆင်သေချောင်းကူး) ပြန်လည်ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကင်းသာလမ်းခွဲအနီးရှိ ဓာတ်အားလိုင်းတာဝါတိုင်ပြိုလဲပျက်စီးမှုများအား ပြန်လည်ပြုပြင်ရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နဝင်းချောင်းတံတား(အဆုံ) ရေတိုက်စားမှုကြောင့် တံတားချဉ်းကပ်လမ်း ပြိုကျပျက်စီးခဲ့မှုအား ယာယီဘေလီတံတား တည်ဆောက်ပြုပြင်ပြီးစီးမှုနှင့် တံတားချဉ်းကပ်လမ်း ကမ်းကပ်ခုံအား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

»»» **စာမျက်နှာ ၄ မှ**

**အခြေခံပညာ အထက်တန်းကျောင်း(ကျောက်ချက်)**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇေယျာသီရိမြို့နယ် ကျောက်ချက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ရေဝင်ရောက်မှုများအား ပြန်လည်ရှင်းလင်း ဆောင်ရွက်ထားရှိမှု၊ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှု၊ ပညာရေးဝန်ကြီးဌာနမှ စာရေးကိရိယာများနှင့် ကျောင်းသုံးစာအုပ်များ ထောက်ပံ့ပေးထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ် ဆရာမကြီးနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

**သိုက်ချောင်းတံတား (ဆင်သေချောင်းကူး)**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့အား ဆက်သွယ်ထားသော ပုဗ္ဗသီရိမြို့ပတ်လမ်းပေါ်ရှိ သိုက်ချောင်းတံတား (ဆင်သေချောင်းကူး)သိုက်ချောင်းဘက်သို့ အသွားတံတား တံတားရေလယ်တိုင်(Pier)များ နိမ့်ကျခြင်းဖြစ်ပေါ်နေမှုကို ပြန်လည်ပြင်ဆင်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပျက်စီးသွားသည့် တံတားများ ပြန်လည်ပြုပြင် တည်ဆောက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေး၊ သဘာဝဘေးဒဏ် ခံနိုင်ရေးနှင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ချိန်တွင် အရှိန်အဟုန်ဖြင့် ရေစီးဆင်းမှုဒဏ်ကို ခံနိုင်ရေးတို့အတွက် စနစ်တကျ ထည့်သွင်းတွက်ချက်၍ ပြန်လည်ပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားပြီး ဆောက်လုပ်ရေး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများကို ချီးမြှင့်ပေးအပ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဆုံဇီးကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ စာပေသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။

**ဓာတ်အားလိုင်း တာဝါတိုင်များ ပြုပြင်ဆောင်ရွက်လျက်ရှိမှု**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နေပြည်တော်-တပ်ကုန်းလမ်းကြောင်းအတိုင်း မော်တော်ယာဉ်များဖြင့် သွားရောက်ခဲ့ပြီး ကင်းသာလမ်းခွဲအနီးရှိ ၂၃၀ ကေဗွီ သာစည်-ရွှေမြို့ ဓာတ်အားလိုင်း တာဝါတိုင်အမှတ် ၃၀၁ မှ ၃၀၅ အထိ တာဝါတိုင် ငါးတိုင် ပြိုလဲပျက်စီးခဲ့မှုနှင့် ၂၃၀ ကေဗွီ ရွှေမြို့-နေပြည်တော်(၂)ဓာတ်အားလိုင်း တာဝါတိုင်အမှတ် ၁၂ မှ ၁၅ အထိ တာဝါတိုင် လေးတိုင် ပြိုလဲပျက်စီးမှုတို့အား ပြန်လည်ပြုပြင်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် တာဝါတိုင်များ ဖြုတ်သိမ်းခြင်း၊ ပြန်လည်စိုက်ထူခြင်း လုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်သွားရန်လိုပြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ ဘေးကင်းစိတ်ချရမှုရှိစေရေးကို ဦးစားပေးဆောင်ရွက်ရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားကာ လုပ်ငန်းဆောင်ရွက်နေသည့် ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည့် အဆုံဇီးကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ စာပေသင်ကြားနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ကာ ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ ထို့နောက် နုန်းများဖယ်ရှားရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များအား ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာပစ္စည်းများ ချီးမြှင့်ပေးအပ်သည်။

**နဝင်းချောင်းတံတား(အဆုံ) ချဉ်းကပ်လမ်းကမ်းကပ်ခုံ ဆောင်ရွက်နေမှု**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နဝင်းချောင်းတံတား (အဆုံ)နေရာသို့ ရောက်ရှိကြပြီး ရေတိုက်စားမှုကြောင့် တံတားချဉ်းကပ်လမ်း ပြိုကျပျက်စီးခဲ့မှုအား ယာယီဘေလီတံတား တည်ဆောက် ပြုပြင်ပြီးစီးမှုနှင့် တံတားချဉ်းကပ်လမ်း ကမ်းကပ်ခုံအား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ကင်းသာလမ်းခွဲအနီးရှိ ဓာတ်အားလိုင်းတာဝါတိုင် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံအတွင်း ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသောရေဘေးကြောင့် ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ဒုတိယအကြိမ် ပေးအပ်လှူဒါန်းပွဲတွင် ကျေးဇူးတင်စကားပြောကြားစဉ်။

# ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသောရေဘေးကြောင့် ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ဒုတိယအကြိမ်ပေးအပ်လှူဒါန်းပွဲ ကျင်းပပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၂၈**

မြန်မာနိုင်ငံအတွင်း ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေဘေးကြောင့် ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ဒုတိယအကြိမ် ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ အလှူငွေများလက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားသို့ အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စေတနာရှင်အလှူရှင်များ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေဘေးကြောင့် သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့မှု အခြေအနေများ၊ ရှာဖွေကယ်ဆယ် ထောက်ပံ့ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့မှု အခြေအနေများကို မှတ်တမ်းတင်ထားသည့် **"သဘာဝဘေးဒဏ်ကြွံကြွံခံ ရင်ဆိုင်ကျော်လွှားမှုနှင့်အတူ ပြန်လည်ထူထောင်ရေးမှာ တက်ညီလက်ညီ ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြပါစို့"** Video Clip ကို ဖွင့်လှစ်ပြသသည်။

**အလှူငွေများအသီးသီး ပေးအပ်လှူဒါန်း**

ထို့နောက် ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ဝန်ထမ်းများ၊ ပြည်တွင်း ပြည်ပ စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်ပြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ဝန်ထမ်းများ၊ အသင်းအဖွဲ့များနှင့် ပြည်တွင်းပြည်ပ စေတနာရှင်၊ အလှူရှင်များက အလှူငွေများဆက်လက် ပေးအပ်လှူဒါန်းကြရာ အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဗိုလ်ချုပ်ကြီး ညိုစောတို့က အသီးသီးလက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

**စာမျက်နှာ ၇ သို့** ✳



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စက်မှုဝန်ကြီးဌာနက လှူဒါန်းသည့် အလှူငွေကို လက်ခံရယူစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး စေတနာရှင်၊ အလှူရှင်တစ်ဦးက လှူဒါန်းသည့် အလှူငွေကို လက်ခံရယူစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး စေတနာရှင်၊ အလှူရှင်တစ်ဦးက လှူဒါန်းသည့် အလှူငွေကို လက်ခံရယူစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်တစ်ဦးက လှူဒါန်းသည့် အလှူငွေကို လက်ခံရယူစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်တစ်ဦးက လှူဒါန်းသည့် အလှူငွေကို လက်ခံရယူစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း စေတနာရှင်၊ အလှူရှင်တစ်ဦးက လှူဒါန်းသည့် အလှူငွေကို လက်ခံရယူစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် စေတနာရှင်၊ အလှူရှင်တစ်ဦးက လှူဒါန်းသည့် အလှူငွေကို လက်ခံရယူစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစော စေတနာရှင်၊ အလှူရှင်တစ်ဦးက လှူဒါန်းသည့် အလှူငွေကို လက်ခံရယူစဉ်။

✻ စာမျက်နှာ ၆ မှ

## သဘာဝဘေးဖြစ်ပေါ်ခဲ့မှု အခြေအနေများနှင့် လှူဒါန်းမှုများအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြား

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အလှူငွေများ ပေးအပ်လှူဒါန်းမှုအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင် သဘာဝဘေးအန္တရာယ် ကြုံတွေ့ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အလှူငွေများပေးအပ်ကြမှုအပေါ် နိုင်ငံတော်အနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ ယခုအကြိမ်သည် ဒုတိယအကြိမ်လှူဒါန်းမှုဖြစ်ပြီး ပထမအကြိမ်လှူဒါန်းမှု အခမ်းအနားတွင် ငွေကျပ် ၃၂ ဒသမ ၂ ဘီလီယံကျော်ကို လက်ခံရရှိခဲ့ကြောင်း၊ အခက်အခဲများကြားမှ စိတ်စေတနာ ထက်သန်စွာဖြင့် လှူဒါန်းခဲ့ကြခြင်း ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်နိုင်ရေးအတွက် အလှူငွေလက်ခံခြင်းများကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ယနေ့ ဒုတိယအကြိမ်အလှူငွေပေးအပ်လှူဒါန်းပွဲတွင် ငွေကျပ် ၁၀ ဘီလီယံကျော်ကို ပေးအပ် လှူဒါန်းခဲ့ကြကြောင်း၊ အလားတူ မိမိတို့အစီအစဉ်ဖြင့် ရေဘေးသင့်ဒေသများကို သွားရောက် လှူဒါန်းလျက်ရှိသည့် စေတနာရှင် ပြည်သူများသည်လည်း များစွာရှိပြီး မိမိတို့နိုင်ငံသားများအနေဖြင့် လူမှုရေးကိစ္စရပ်များတွင် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းလိုသည့် စိတ်ရင်းစေတနာများ၊ အခြေခံစိတ်ဓာတ်ကောင်းများ ကို ဝမ်းမြောက်ဖွယ်တွေ့ရကြောင်း၊

✻ ယခုအကြိမ်သည် ဒုတိယအကြိမ် လှူဒါန်းမှုဖြစ်ပြီး ပထမအကြိမ် လှူဒါန်းမှုအခမ်းအနားတွင် ငွေကျပ် ၃၂ ဒသမ ၂ ဘီလီယံကျော်ကို လက်ခံရရှိခဲ့

✻ အခက်အခဲများကြားမှ စိတ်စေတနာထက်သန်စွာဖြင့် လှူဒါန်းခဲ့ကြခြင်းဖြစ်

✻ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံး ဆောင်ရွက်နိုင်ရေးအတွက် အလှူငွေလက်ခံခြင်း များကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ယနေ့ဒုတိယ အကြိမ် အလှူငွေပေးအပ်လှူဒါန်းပွဲတွင် ငွေကျပ် ၁၀ ဘီလီယံကျော်ကို ပေးအပ်လှူဒါန်းခဲ့ကြ

ကောင်းမွန်ပြီး ဂုဏ်ယူဖွယ်ရာစိတ်ဓာတ်များပင် ဖြစ်ပြီး နိုင်ငံသားတိုင်းအနေဖြင့် ထိုကဲ့သို့ စိတ်ရင်းစေတနာ၊ စိတ်ဓာတ်ကောင်းတို့ဖြင့် ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာအထောက်အကူဖြစ်စေနိုင်မည် ဖြစ်ကြောင်းဖြင့် ပြောကြားပြီး သဘာဝဘေးဖြစ်ပေါ်ခဲ့မှု အခြေအနေများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရေး လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည့် အခြေအနေများ၊ မိုခါ မုန်တိုင်းဒဏ်ကြောင့် ရေဝင်၊ ရေဝပ်မှု ဖြစ်ပေါ်ခဲ့မှုများကို သင်ခန်းစာယူ၍ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းကြောင့် ယခု မိုးသည်းထန်စွာရွာသွန်းချိန်တွင် ထိခိုက်ပျက်စီးမှုအနည်းငယ်သာရှိခဲ့သည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

စာမျက်နှာ ၈ သို့ ✻

✻ စာမျက်နှာ ၇ မှ

ဆက်လက်ပြောကြားရာတွင် မိမိတို့အနေဖြင့် နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးဒဏ်များကို သင်ခန်းစာယူပြီး နောင်ဖြစ်ပေါ်ချိန်များတွင် ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်စေရေး ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံအတွင်းရှိ မြစ်များ၊ ချောင်းများတစ်လျှောက်၌ ရေလမ်းကြောင်း ထိန်းသိမ်းခြင်း လုပ်ငန်းများကို စနစ်တကျဖြင့် နှစ်စဉ်ဆောင်ရွက်သွားရန်လိုကြောင်း၊ စာသင်ကျောင်းများ၊ ဆေးရုံများအပါအဝင် အများပြည်သူလူထုနှင့် သက်ဆိုင်သည့် အဆောက်အအုံများ၊ မြို့ပြများ အသစ်တည်ဆောက်ရာတွင်လည်း ဖြစ်ပေါ်လာနိုင်သည့် သဘာဝ ဘေးအန္တရာယ်ကို အဘက်ဘက်မှ ထည့်သွင်းတွက်ချက်စဉ်းစား၍ မြေနေရာရွေးချယ်ဆောင်ရွက်ခြင်း၊ ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ခြင်းများကို လုပ်ဆောင်သွားရန် လိုကြောင်း။

သဘာဝ ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့မှုများကို အမြန်ဆုံး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ပျက်စီးခဲ့သည့် နေအိမ်များအတွက်လည်း နိုင်ငံတော်အနေဖြင့်တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အချိန်တိုအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ ပျက်စီးခဲ့ရသည့် စိုက်ပျိုးမြေများ၌လည်း သင့်လျော်သည့် သီးနှံများကို ပြန်လည်စိုက်ပျိုးနိုင်ရန် လိုကြောင်း၊ စိုက်ပျိုးရေး လုပ်ငန်းများအတွက် လိုအပ်သည့် အရင်းအနှီးများကို နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တက်ရောက်လာကြသည့် လုပ်ငန်းရှင်များအနေဖြင့်လည်း တတ်နိုင်သည့်ဘက်မှ ဝင်ရောက် ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း၊ ထိုသို့ဆောင်ရွက်မည်ဆိုပါက ထိခိုက်ခဲ့ရသည့် စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်မည် ဖြစ်သကဲ့သို့ ကုန်ထုတ်လုပ်မှုများ ကိုလည်း ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများကိုလည်း အလားတူ ဆောင်ရွက်ပေးနိုင်ရေး စဉ်းစားပေးကြရန် လိုကြောင်း။

အလှူရှင်များ၏ သန့်ရှင်းသော စိတ်ဖြင့် လှူဒါန်းခဲ့သည့် လှူဒါန်းမှုများကို အမှန်တကယ်လိုအပ်နေသူများထံသို့ ရောက်ရှိနိုင်ရေး စနစ်တကျစီမံခန့်ခွဲ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အရောင်အသွေးကင်းရှင်းစွာဖြင့် လှူဒါန်းလာသည့် ပြည်ပမှလှူဒါန်းမှုများကိုလည်း မိမိတို့အနေဖြင့် စနစ်တကျ လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စေတနာရှင် အလှူရှင်များအနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ နိုင်ငံသူ နိုင်ငံသားများ၏ ပညာရည်မြင့်တင်မှု လုပ်ငန်းများတွင်လည်း ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ရေဘေးဒဏ် ကျရောက်ခဲ့ရသည့် ကျောင်းများအား အမြန်ဆုံး ပြန်လည် ဖွင့်လှစ်နိုင်ရေးနှင့် ကလေးငယ်များ၏ ပညာရေး နောက်ကျမှုမရှိစေရေး ကြိုးပမ်း ဆောင်ရွက်လျက် ရှိကြောင်း၊ အစိုးရတစ်ခုတည်း ဆောင်ရွက်၍ မရဘဲ မိမိတို့အားလုံး ဝိုင်းဝန်းဆောင်ရွက်မှသာလျှင် နိုင်ငံတော် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်နိုင်မည် ဖြစ်ကြောင်း၊ ယနေ့တွင် လာရောက်လှူဒါန်းကြသည့် စေတနာရှင်အလှူရှင်များ၏ လှူဒါန်းမှုများကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် မိမိတို့ တတ်နိုင်သည့် နယ်ပယ်မှ အတူတကွဝိုင်းဝန်း ဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားသည်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စေတနာရှင် အလှူရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

အခမ်းအနားအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတနာရှင်၊ အလှူရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ယနေ့ နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည့် ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် စုစုပေါင်း အလှူငွေကျပ် ၁၀ ဒသမ ၅ ဘီလီယံကျော်ကို လက်ခံရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကကြီးခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည်

**ဒေါက်တာထွန်းတင့်**

## ဗျည်း ၃၃ လုံး၏ အနက်နှင့်အဓိပ္ပာယ်

**(၂၃-၉-၂၀၂၄ ရက်နေ့မှအဆက်)**

### ဆ

**ဆ** ၏ အနက်လည်း ‘ပေါင်းစည်း’ပင်ဖြစ်သည်။ **ဆ** ၏ အနက်ကို ဆက်၊ ဆပ် တို့၏ အနက်များနှင့်ယှဉ်တွဲ၍ လေ့လာဖော်ထုတ်နိုင်ပေသည်။ **ဆ** သည် ဆ၊ ဆာ၊ ဆား ဟူသော တက်ကျသံသုံးမျိုးတွင် အားအနည်းဆုံး အသံ၊ အားအနည်းဆုံးအနက်ဖြစ်သည်။ တိုင်သံဖြစ်သော **ဆက်**၊ **ဆပ်** တို့နှင့် အနက်ဆက်နွယ်မှုရှိသည်။ ချိန်**ဆ**၊ ဆုန်း**ဆ**၊ တွက်**ဆ**၊ နှိုင်း**ဆ**၊ မှန်း**ဆ** စသည်တို့မှ **ဆ** ၏အနက်သည် ချိန်၊ ဆုန်း၊ တွက်၊ နှိုင်း၊ မှန်း တို့နှင့် အနက်တူသည်ကို ထင်ရှားစွာ မြင်တွေ့နိုင်ပါသည်။

**ဆ** ၏အဓိပ္ပာယ်ကို မြန်မာအဘိဓာန်တွင် ကြိယာအဖြစ်ဖြင့် “၁၊ ဝန်အလေးအပေါ့ကို သိရအောင် မ၍ ခန့်မှန်းကြည့်သည်။ ၂၊ နှိုင်းယှဉ်ချင့်ချိန်သည်” ဟူ၍ ဖွင့်ဆိုထားပါသည်။ ပစ္စည်းအဖြစ် “တူညီသော ပမာဏကို ရေတွက်ရာတွင်သုံးသောစကား။” ဟု ပြထားပါသည်။ “ကောက်ညှင်းတစ်**ဆ**၊ ဆန်ကြမ်းနှစ်**ဆ**ရောပါ” စသည်ဖြင့် သုံးကြောင်း သာဓကဆောင်ထားပါသည်။

ဤတွင် “ဝန်အလေးအပေါ့ကို သိရအောင် မ၍ ခန့်မှန်းကြည့်သည်” ဆိုသည်မှာ ပစ္စည်းတစ်ခုခု၏ ချိန်ဝန်မည်မျှရှိသည်ကို ချိန်ကိုက်ခန့်မှန်းတိုက်ဆိုင်ကြည့်ခြင်းပင်ဖြစ်သည်။ ပစ္စည်းနှင့်အလေးချိန်ပေါင်းစည်းယှဉ်တွဲဆက်စပ်ခြင်းဖြစ်၍ ပေါင်းစည်းနက်ပင်ဖြစ်သည်။ နှိုင်းယှဉ်ချင့်ချိန်သည်ဆိုသည်မှာ အကြောင်းအကျိုး၊ အကောင်းအဆိုးကို ပေါင်းစည်းယှဉ်တွဲခြင်းပင်ဖြစ်သည်။ ပေါင်းစည်းခြင်းအနက် ပေါ်လွင်သည်။

တစ်**ဆ**၊ နှစ်**ဆ** စသည်သုံးရာတွင်လည်း အရာဝတ္ထုတစ်ခုခုနှင့် တိုက်ဆိုင်ချိန်ကိုက်ခြင်းပင်ဖြစ်၍ တစ်ခုကို အခြေတည်ပြီး နောက်တစ်ခုနှင့် ပေါင်းစပ်တိုက်ဆိုင်ခြင်းပင်ဖြစ်သည်။ ပေါင်းစည်းခြင်းအနက် ပေါ်လွင်သည်။

ကျေးဇူး**ဆပ်**သည်၊ အကြွေး**ဆပ်**သည် စသည်ဖြင့် သုံးနှုန်းကြရာတွင်လည်း **ဆပ်**၏အနက်မှာ ပေါင်းစည်းဆက်စပ်ခြင်းပင်ဖြစ်သည်။ **ဆပ်**သည်ဆိုသည်မှာ စပ်အောင်ပြုခြင်းပင်ဖြစ်၍ ပေါင်းစည်းနက် အမှန်ဖြစ်သည်။ ပေးရန်ရှိသော အကြွေးနှင့်ဆက်စပ်မိအောင် ကာမိအောင် ညီမျှအောင်ပြုသည်ကိုပင် အကြွေးဆပ်သည်ဟု ဆိုသည်။ တင်နေသောကျေးဇူးနှင့် ကာမိအောင်၊ ညီမျှအောင် စပ်မိအောင်ပြုသည်ကို ကျေးဇူးဆပ်သည်ဟုဆိုသည်။ **စပ်** နှင့် **ဆပ်** သည် သုဒ္ဓနက်ကာရိုက်နက်ဖြစ်သည်။ ပေါင်းစည်းနက်ဖြစ်သည်။

### ဇ

**ဇ** သည် မြန်မာဘာသာတွင် အနက်မရှိသော ဗျည်းအက္ခရာဖြစ်ပါသည်။ အနက်မရှိသဖြင့် ပင်ကိုအဓိပ္ပာယ်လည်းမရှိပါ။ သို့ရာတွင် မြန်မာဘာသာဝေါဟာရများတွင် **ဇ** နှင့်ရေးရသော ဝေါဟာရများကို တွေ့နေရပါသည်။ ယင်း ဇကွဲနှင့်အရေးရှိနေသော ဝေါဟာရသည်ကား အသံစွဲအရေး ဝေါဟာရများနှင့် မွေးစားဝေါဟာရများသာ ဖြစ်သည်။ **ဇ** သည် ပါဠိဘာသာ၊ သက္ကတဘာသာတို့အတွက်သာ သုံးရသော ဗျည်းအက္ခရာဖြစ်သည်။

**သာဓက။** ။

**ဇနပုဒ်**၊ န- ကျေးလက်တောရွာ။ [ ပါ၊ ဇနပဒ ]

**ဇယား**၊ န- ၁၊ ရေးသွင်းမှတ်သားရန် ဆွဲသားမှတ်ထားသော မျဉ်းများ။ ၂၊ စည်းကမ်း။ စနစ်။ [သ၊ ဇျာ ]

**ဇရပ်**၊ န- လူအများ နားနေတည်းခိုရန် ဆောက်လုပ်ထားသော အဆောက်အအုံ။ [ မြန်၊ စရပ် ]

**ဇလီဖားတုံး**၊ န- မီးရထားသံလမ်း အောက်ကကန့်လန့်ခံထားသော သစ်သားတုံး။ [လိပ်၊ sleeper + မြန်၊ တုံး]

**ဇာ**၊ န- အပေါက်များပါအောင် ပုံဖော်၍ ထိုးရက်ထားသော အထည်။ [သ၊ ဇာလ]

**ဇော**၊ န- အရှိန်အဟုန်ဖြင့် ဖြစ်သောစိတ်။ [ပါ၊ ဇဝန]

**ဇော်ဂျီ**၊ န- ဆေးဝါးမန္တရားအတတ်၊ မြေလျှိုး၊ မိုးပျံ အတတ် စသည် တတ်ကျွမ်းသူ။ [သ၊ ယောဂီ]

**ဇက်**၊ န- ကျောရိုးနှင့်လည်ကုပ်ရိုး ဆက်စပ်ရာ။ [ မြန်၊ ဆက် ]

**ဇောက်**၊ န- အနက်။ အမြင့်။ [မြန်၊ စောက်]

**ဇင်**၊ န- ပိတ်အထူစားတစ်မျိုး။ [လိပ်၊ jean]

**ဇောင်း**၊ န- မြင်းထားရာ အဆောက်အအုံငယ်။ [ မြန်၊ စောင်း ]

**ဇာတ်**[၁]၊ န- ၁၊ အဖြစ်၊ ဘဝ။ ၂၊ မင်းမျိုး၊ ပုဏ္ဏားမျိုး စသည်ဖြင့် ခွဲခြားသတ်မှတ်သော အမျိုးအဆင့်အတန်း။ [ပါ၊ ဇာတိ]

**ဇာတ်**[၂]၊ န- ၁၊ ဘုရားလောင်းစသည်၏ ရှေးဘဝ အဖြစ်အပျက်။ “ဝေဿန္တရာဇာတ်။” ၂၊ ဇာတ်လမ်းဇာတ်ကွက်ဖြင့် ကပြသောပွဲ။ ၃၊ ဇာတ်ကပြသော အဖွဲ့။ [ပါ၊ ဇာတက]

### ဈ

**ဈ** သည် မြန်မာဘာသာတွင် အနက်မရှိသော ဗျည်းအက္ခရာဖြစ်သည်။ အနက်မရှိသဖြင့် ပင်ကိုအဓိပ္ပာယ်လည်း မရှိပါ။ သို့ရာတွင် မြန်မာဘာသာစကားတွင်ပင် အသံဖလှယ်၍ရေးသော အသံစွဲအရေး ရှိပါသည်။ ထို့ပြင် ပါဠိ၊ သက္ကတဘာသာစကားများကို မွေးစား၍သုံးသော မွေးစားစကား ဝေါဟာရများလည်းရှိပါသည်။ ယင်းဝေါဟာရများအတွက် ဈမျဉ်းဆွဲသည် မြန်မာဗျည်းအက္ခရာများတွင် မပါမဖြစ်ပါဝင်နေရပါသည်။

**သာဓက။** ။

**ဈာပန**၊ န- ၁၊ မီးသင်္ဂြိုဟ်ခြင်း။ ၂၊ မသာ။ အသုဘ။ [ ပါ၊ ဈာပန ]

**ဈေး**၊ န- ၁၊ လူအများစုဝေး၍ ကုန်ပစ္စည်းများကို ရောင်းဝယ်ရာနေရာ။ ၂၊ ဈေးနှုန်း။ ၃၊ တန်ဖိုး။ [ မြန်၊ ဆေး < အိမ်ဆေး]

**ဈာန်**၊ န- စူးစူးစိုက်စိုက် အထူးမြဲမြံစွာ ရှုသောတရား။ [ ပါ၊ ဈာန]

**ဈာန်လျှော**၊ ကြိ- ၁၊ ဈာန်၏အစွမ်းသတ္တိ ပျက်ပြယ်သွားသည်။ ၂၊ [ဥပစာ] ဂုဏ်သိက္ခာ လျှောကျသည်။ [ ပါ၊ ဈာန + မြန်၊ လျှော ]

(ဆက်လက်ဖော်ပြပါမည်)

# တောင်ငူမြို့နယ်အတွင်း ရေကြီးရေလျှံမှုများလျော့နည်းသက်သာစေရေး ကွင်းဆင်းဖြည့်ဆည်းဆောင်ရွက်

**တောင်ငူ စက်တင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်တို့သည် တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းက တောင်ငူမြို့နယ်အတွင်း ရေကြီးရေလျှံမှု လျော့နည်းသက်သာစေရေး ကွင်းဆင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးဆွေဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်တို့သည် တောင်ငူမြို့နယ် ငါးဖယ်အင်းကျေးရွာအုပ်စု၌ ရေကြီးနစ်မြုပ်ခဲ့၍ ပျက်စီးခဲ့သည့် မိုးစပါးကေများအား ကွင်းဆင်းကြည့်ရှုခဲ့ပြီး တောင်သူများ ထိခိုက်ပျက်စီးခဲ့မှု မိုးစပါးကေများအတွက် ဆောင်းသီးနှံမတ်ပဲများ တိုးချဲ့စိုက်ပျိုးနိုင်ရေး လမ်းညွှန်မှာကြားပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် ကန်ရိုးကျေးရွာမြေနိမ့်လွင်ပြင်၌ ရေဝပ်နေသဖြင့် စစ်တောင်းမြစ်အတွင်းသို့ အမြန်ဆုံး



ပြန်လည်ကျဆင်းစေရေး မြစ်ကြီးပေါက်ချောင်း ရေထွက်ပေါက်ချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး တောင်ငူ-ဇီးဖြူပင်သွား ကားလမ်းရေကျော်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် ယာယီရေဘေးရှောင်ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ခဲ့သည့် တောင်ငူမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများ၏ စုပေါင်းအားဖြင့် ကျောင်းသန့်ရှင်းရေးပြုလုပ်ခြင်း၊ ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားကာ သန့်ရှင်းရေးပြုလုပ်နေသည့် တပ်ဖွဲ့ဝင်များနှင့် ပညာရေးဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် တောင်ငူမြို့ ထီးလှိုင်ရပ်ကွက် ကေတုမတီရှေးဟောင်းကျုံးနှင့် ထီးလှိုင်လမ်းကြားရှိ မြေနေရာတွင် အများပြည်သူစိတ်လက်အပန်းဖြေနိုင်စေရေး ပန်းခြံတည်ဆောက်မည့်မြေနေရာသို့ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ရှေးဟောင်းကျုံးနှင့် မြို့ရိုး ထိခိုက်မှုမရှိဘဲ သန့်ရှင်းသပ်ရပ်လှပသည့် Landscaping Design ဖြင့် ပန်းခြံပုံစံရေးဆွဲတင်ပြရန်နှင့် မြို့ရိုး၊ ကျုံးနှင့် အများပိုင်မြေနေရာများတွင် ကျူးကျော်များမရှိစေရေး တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# တောင်ငူမြို့နယ်၌ သဘာဝဘေးဒဏ်သင့်ခဲ့၍ ယာယီပိတ်ထားရသည့်ကျောင်းများ ပြန်လည်ဖွင့်လှစ်

**တောင်ငူ စက်တင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်တွင် စက်တင်ဘာ ၁၂ ရက်မှစတင်၍ စစ်တောင်းမြစ်ရေသည် စိုးရိမ်ရေမှတ်အထက် ကျော်လွန်ပြီး မြေနိမ့်ပိုင်းများရှိ ရပ်ကွက်/ကျေးရွာများအတွင်းသို့ မြစ်ရေများဝင်ရောက်ကာ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သဖြင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်း အခြေခံပညာကျောင်းပေါင်း ၆၇ ကျောင်းအား ယာယီပိတ်ထားရာ ယနေ့အထိ ကျောင်းပေါင်း ၄၇ ကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါ ယာယီပိတ်ထားရသည့်ကျောင်းများ အမြန်ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏လမ်းညွှန်မှု၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏စီမံမှုများဖြင့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပရဟိတအသင်းအဖွဲ့များစုပေါင်း၍ နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိသည်။



အဆိုပါ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက စစ်ဆေးကြီးကြပ်လျက်ရှိကြောင်းနှင့် ဖွင့်လှစ်ရန်ကျန်ရှိသည့် ကျောင်း၂၀ အား အမြန်ဆုံး ပြန်လည် ဖွင့်လှစ်နိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တာချီလိတ်မြို့၌ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**တာချီလိတ် စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့၌ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်ရဲမေတို့၏ စုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့နံနက် ၈ နာရီခွဲက ခရိုင်ပြည်သူ့ဆေးရုံကြီး၌ ပြုလုပ်သည်။

သွေးလှူဒါန်းရာတွင် တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှ ကိုးဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှ ၁၉ ဦး၊ ရေကြောင်းရဲတပ်ဖွဲ့မှ ၁၃ ဦး၊ မူးယစ်တပ်ဖွဲ့စုမှလေးဦး၊ လေကြောင်းရဲတပ်ဖွဲ့စုမှ သုံးဦး၊ ကမ္ဘာလှည့်ရဲတပ်ဖွဲ့စုမှ သုံးဦး၊ လူကုန်ကူးမှုတားဆီးနှိမ် နင်းရေးရဲတပ်ဖွဲ့စုမှ တစ်ဦး၊ သတင်းတပ်ဖွဲ့စုမှ တစ်ဦးနှင့် မိသားစုဝင်ရဲမေ ၁၅ ဦး စုစုပေါင်း ၆၈ ဦးတို့က စုပေါင်းသွေးလှူဒါန်းကြသည်။

ထိုသို့ စုပေါင်းသွေးလှူဒါန်းကြသည့် သွေးအလှူရှင် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်ရဲမေများကို နယ်မြေခံတပ်နယ်မှ ယာယီဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး သန့်လှိုင်ဝင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ချမ်းမြေ့ဝင်းနှင့်ဇနီး၊ ရဲမှူးကြီးအောင်ဇော်မိုးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စွက်စာများနှင့် အားဆေးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းဇော်(တာချီလိတ်)**



# ဖြူးမြို့နယ် ဥတ္တရာရုံကျောင်းတိုက်ရှိ ရေဘေးရှောင်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေး



**ဖြူး စက်တင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ပြည်သူ့ဆေးရုံမှ သမားတော်ဦးဆောင်သော specialist EMTအဖွဲ့က ဥတ္တရာရုံကျောင်းတိုက်ရှိ စစ်တောင်းမြစ်အနောက်ဘက်ကမ်း ရေကြီးနစ်မြုပ်ခဲ့သည့်ကျေးရွာများမှ လာရောက်နေထိုင်သူများအား ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဥတ္တရာရုံကျောင်းတိုက်ဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဖြူးမြို့နယ်ပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများက သွေးတိုး၊ ဆီးချို၊ နှလုံး၊ အဆစ်အမြစ်နာရောဂါနှင့် အခြားအထွေထွေရောဂါများ ကုသမှုပေးခြင်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## နောက်နှစ်ရက် အတွက်ခန့်မှန်းချက်

**နေပြည်တော် စက်တင်ဘာ၂၈**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

**မိုး/ဇလ**

# ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၌ သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

**ဒဂုံတောင် စက်တင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်တွင် သဃ်န်းကျွန်းမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ယနေ့နံနက် ၈ နာရီက ကျင်းပသည်။

**အသိပညာပေး**

ဟောပြောပွဲတွင် သဃ်န်းကျွန်းမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသူရိန်ဝင်းက အနာဂတ်ကျောင်းသား လူငယ်များ သစ်တောသစ်ပင်များ ချစ်ခင်မြတ်နိုး တန်ဖိုးထားတတ်စေရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ကာကွယ်ထိန်းသိမ်း တတ်စေရန်နှင့် သစ်တောထွက် သယံဇာတပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်စေရန်တို့ကို ရည်ရွယ်၍ သစ်တောသစ်ပင်များ စိုက်ပျိုးပြုစု ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ကာကွယ်ထိန်းသိမ်းရေး ဆိုင်ရာများကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**ကျော်စွာမိုး (ဒဂုံတောင်)**



# ရေကြီးရေလျှံသဘာဝဘေးနှင့်အတူ ကြုံတွေ့နိုင်သောမြွေအန္တရာယ်

**ပေါက်ပေါက်**

**မြွေဆိပ်ဖြေဆေးရရှိရန် ခက်ခဲနေသော နိုင်ငံအချို့တွင် ရေကြီးနေသဖြင့် မြွေကိုက်ခံရသည့်အန္တရာယ် ပိုကြီးမားလာနေကြောင်း၊ ရေဘေးကြောင့် မြွေကိုက်ခံရမှု ပိုများလာသည်ကို မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ တောင်ဆူဒန်နှင့် အခြားနိုင်ငံများတွင်တွေ့ရကြောင်းနှင့် မြွေကိုက်ခံရသူများအနက် နှစ်စဉ် လူပေါင်း ၂၄၀၀၀ ခန့် မသန်စွမ်းသူများအဖြစ် ကျန်ရစ်ခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က စက်တင်ဘာလ ၁၇ ရက်နေ့တွင် သတိပေးထားသည်။**

ထို့ပြင် ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ် လူပေါင်း ၂၇၀၀၀၀၀ခန့် မြွေကိုက်ခံနေကြရပြီး ယင်းတို့အနက် ၁၃၈၀၀ ကျော် သေဆုံးနေရကြောင်း ခန့်မှန်းထားသဖြင့် ပျမ်းမျှ ၄ မိနစ်နှင့် ၆ မိနစ်တိုင်း မြွေကိုက်ခံရမှုကြောင့် လူတစ်ဦးသေဆုံးနေရသည်။ အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် မြွေကိုက်မှုအန္တရာယ် အကြီးမားဆုံးနိုင်ငံဖြစ်ပြီး မြွေကိုက်ခံရမှုကြောင့် နှစ်စဉ် လူပေါင်း ၅၈၀၀၀ ခန့် သေဆုံးနေရပြီး ဘင်္ဂလားဒေ့ရှ်နှင့် ပါကစ္စတန်နိုင်ငံတို့တွင်လည်း မြွေကိုက်ခံရမှုအန္တရာယ် မြင့်မားလျက်ရှိသည်။

ခြေထောက်မရှိသော တွားသွားသတ္တဝါများအနက် မြွေသည် လူသိအများဆုံးဖြစ်သကဲ့သို့ အန္တရာယ်ရှိသော သတ္တဝါလည်းဖြစ်သည်။ မျိုးစိတ်ပေါင်း ၂၃၀၀ ခန့်ရှိသော မြွေများကို ကျွန်းအချို့နှင့် အလွန်အေးသော ဒေသများမှအပ ကျန်ဒေသများတွင် တွေ့နိုင်သည်။ အပူပိုင်းဒေသရှိအလွန်ထူထပ်သော တောများမှအစ သဲကန္တာရများ၊ တောင်ထိပ်များနှင့် မြေအောက်ရှိတွင်းများ၌ တွေ့နိုင်သည်။ မြန်မာနိုင်ငံတွင်လည်း အပူပိုင်းဒေသများ၌ ပို၍တွေ့ရှိရသည်။ နေထိုင်ကျက်စားလျက်ရှိသည့် မြွေမျိုးစိတ် ၂၀၀ နီးပါးတွင် ၁၅ ရာခိုင်နှုန်းခန့်မှာ အဆိပ်ရှိသည့် မြွေအမျိုးအစားများဖြစ်သည်။

### မြန်မာနိုင်ငံနှင့် မြွေအန္တရာယ်

မြန်မာနိုင်ငံတွင် ဇွန်လ(မိုးဦးကာလ) တွင်တစ်ကြိမ်၊ ဇူလိုင်လမှ ဩဂုတ်လ (မိုးလယ်ကာလ)တွင် တစ်ကြိမ်နှင့် စက်တင်ဘာလမှ အောက်တိုဘာလ (မိုးနှောင်းနှင့် မိုးလွန်ကာလ)တွင် တစ်ကြိမ် စုစုပေါင်း သုံးကြိမ် နှစ်စဉ် ရေကြီးရေလျှံမှုဖြစ်ပေါ်လေ့ရှိသည်။ ယေဘုယျအားဖြင့် ကျေးလက်ဒေသများတွင် စိုက်ပျိုးရိတ်သိမ်းပြီးချိန် အောက်တိုဘာလနှင့် ဒီဇင်ဘာလများ၌ မြွေကိုက်ခံရမှုအဖြစ်များပြီး မိုးဦးကျရာသီနှင့် ရေဘေးကျရောက်ချိန်တွင်လည်း မြွေကိုက်ခံရမှု ဖြစ်ပွားလေ့ရှိသည်။

မြန်မာပြည်ရှိ အဆိပ်ပြင်းသော မြွေနှစ်မျိုးမှာ မြွေပွေးနှင့် မြွေဟောက်တို့ဖြစ်ကြပြီး မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၌ မြွေကိုက်ခံရသူများအနက် ၉၀ ရာခိုင်နှုန်းသည် မြွေပွေးအကိုက်ခံရသူများဖြစ်သည်။ မြွေပွေးအဆိပ်က လူ့ခန္ဓာကိုယ်သွေးခဲသောစနစ်ကို ထိခိုက်ပျက်စီးစေသည်။ ထို့ကြောင့် မြွေပွေးကိုက်ခံရပါက သွေးမတိတ်ဘဲ ဦးနှောက်နှင့် အစာခြေစနစ်လမ်းကြောင်းများတွင် သွေးယိုစိမ့်ခြင်းအပြင်၊ ဆီးထဲသွေးပါပြီး ကျောက်ကပ်ပျက်စီးတတ်သည်။ မြွေဟောက်အဆိပ်က အာရုံကြောစနစ်ကို ထိခိုက်စေသဖြင့် လူနာက မှိန်းလာပြီး အာရုံခံစားမှုမရှိတော့ဘဲ ထုံကျင်လာသည်။ နောက်ဆုံးတွင် အာရုံကြောများ ပျက်စီးပြီး ကြွက်သားလှုပ်ရှားမှု အားပျော့သွားကာ အသက်ရှူခြင်းနှင့် အဆုတ်ကို ထိခိုက်လာသည်။

### ရေကြီးရေလျှံခြင်းနှင့်အတူ မြွေအန္တရာယ်

မုတ်သုံရာသီအတွင်း မိုးသည်းထန်ခြင်းနှင့်အတူ ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်တို့ကို နှစ်စဉ်နှစ်တိုင်း အနည်းနှင့်အများဆိုသလို ခံစားရနိုင်သကဲ့သို့ ရေကြီးရေလျှံခြင်းနှင့်အတူ မြွေအန္တရာယ်ကိုလည်း ရင်ဆိုင်ကြရသော သာဓကများစွာ ရှိနေပါသည်။ မြွေများသည် မုန်တိုင်းများနှင့် ရေလွှမ်းမိုးမှုများ ဖြစ်ပွားချိန်တွင် အခြားတိရစ္ဆာန်များကဲ့သို့ လုံခြုံသောနေရာများ၊ ရေဘေးလွတ်ကင်းသောနေရာများကို ရှာဖွေရာမှ သစ်ပင်များ၊ တံခါးဖွင့်ထားသော အိမ်များအတွင်းသို့ ဝင်ရောက်ခိုလှုံလေ့ရှိသည်။ ထို့ပြင် ရေဆိုး၊ ရေညစ်များနှင့်အတူ အဆိပ်ရှိမြွေများ၊ ကင်းများလည်း ရောနှောကာ မျောပါလာတတ်သည်။

မိုးသည်းထန်စွာ ရွာသွန်းမှု၊ မြစ်ရေချောင်းရေများ မြင့်တက်လာမှုနှင့်အတူ ရေနှင့် မျောပါလာသော မြွေများ အကိုက်ခံရမှုကြောင့်လည်း အသက်ဆုံးရှုံးနိုင်သည်။ သို့သော် ကျွမ်းကျင်သူများ၏အဆိုအရ မြွေများသည် လူများကို ပစ်မှတ်ထားကိုက်ခြင်း မဟုတ်ပေ။ ရေစီးနှင့်



ပါလာသော သစ်တုံး၊ ထင်းတုံးများနှင့်အတူ မြွေများရောပါလာခြင်း၊ မြွေများ ညအချိန်အစာရှာထွက်စဉ် လူတို့သည် အမှောင်ထဲ ဖိနပ်မပါဘဲ သွားရာက အကိုက်ခံရခြင်း၊ တစ်ခါတစ်ရံ လူနေအိမ်များသို့ ဝင်ရောက်၍ သတ္တဝါငယ်များကို ရှာဖွေစားသောက်ရာမှ လူနှင့်တိုးကာ ကိုက်မိခြင်းတို့ကြောင့်ဖြစ်သည်။

ထို့ကြောင့် ရေများစီးဝင်ပြီးနောက် ရေပြန်ကျသွားပါက မိမိအိမ်ခြံဝင်းအတွင်း၊ အပြင် တင်ကျန်ရစ်သော မြွေများကို သတိထားသင့်သည်။ ထို့ပြင် အိမ်ထဲသို့ရေဝင်ပြီးနောက် အထဲတွင် ရေဆိုးရေညစ်များ၊ နုန်းမြေအနယ်အနှစ်များ တင်ကျန်နေသော အဆောက်အအုံအတွင်းသို့ သတိဖြင့် ဝင်ရောက်သင့်ပေသည်။ မြန်မာနိုင်ငံတွင် နှစ်စဉ်လူတစ်သောင်းခန့် မြွေကိုက်ခံနေရပြီး ၎င်းတို့အနက် ၁၀ ရာခိုင်နှုန်းခန့် သေဆုံးနေရကြောင်း သတင်းထုတ်ပြန်ချက်များအရ သိရသည်။ မြွေကိုက်ခံရခြင်းကြောင့် အသက်ဆုံးရှုံးခြင်း၊ အရေးပေါ် ဆေးကုသမှုခံယူရခြင်းများကို ကျေးလက်ဒေသများတွင်သာမက လူစည်ကားရာ မြို့ကြီးများရှိ ဆင်ခြေဖုံးဒေသများ၌လည်း တွေ့မြင်လာရသည်။

မြို့လယ်ကောင်တိုက်ခန်းများတွင် မြွေသတ္တဝါကိုမြင်တွေ့ရခဲသော်လည်း သစ်ပင်၊ လယ်မြေ၊ မြက်ချုံပေါများကာ ရေစပ်ရှိသော မြို့နယ်များတွင် မြွေကိုတွေ့ရတတ်သည်။ ထို့ကြောင့် ရေမြောင်း ရေကန်များ၊ ရေစပ်ရှိသော ခြံဝင်း ခြံပြင်၊ မှောင်၍ စိုစွတ်ထိုင်းမှိုင်းသော အိမ်အတွင်းပိုင်းများကို မြွေအန္တရာယ် သတိရှိစွာဖြင့် နေထိုင်သင့်သည်။

သဘောသဘာဝအရ မြွေဆိုသောသတ္တဝါသည် လူကိုမြင်တိုင်း လိုက်ကိုက်တတ်ကြသည်မဟုတ်ပေ။ ၎င်းတို့ကိုထိမိ၍ သို့မဟုတ် မလွှဲမရှောင်သာသောအချိန်ကျမှသာ သို့မဟုတ် ၎င်းတို့ကို တစ်စုံတစ်ခုက အန္တရာယ်ပြုမည်ဟု ထင်သောအခါမှသာ သူ့ကိုယ်သူကာကွယ်သည့်အနေဖြင့် လူကိုကိုက်ခြင်းသာဖြစ်သည်။ သို့သော် အဆိပ်ရှိသော မြွေဖြစ်စေ၊ အဆိပ်မရှိသည်ဖြစ်စေ မြွေကိုမြင်လျှင် လူတိုင်းနီးပါး ကြောက်လန့်လေ့ရှိပြီး မြွေအကိုက်ခံရသော ဒဏ်ရာမှလည်းနာကျင်မှုဖြစ်စေသည်။ မြွေအစွယ်ကြောင့် ဒဏ်ရာအပေါက်မှ သွေးထွက်တတ်ပြီး အဆင်မသင့်ပါက ၎င်းဒဏ်ရာပေါက်မှတစ်ဆင့် မေးခိုင်ပိုးဝင်နိုင်သည်။

အကယ်၍ အဆိပ်ပြင်းသောမြွေ အကိုက်ခံရပါက ဒဏ်ရာပတ်ဝန်းကျင်မှာ ငါးမိနစ်အတွင်း ပြင်းထန်စွာ ရောင်ရမ်းနာကျင်မှုဖြစ်ကာ မီးလောင်ဒဏ်ရာကဲ့သို့ အရည်ကြည်ဖုများ ပေါ်ထွက်လာတတ်သည်။ ထို့ပြင် ကိုက်ခံရသောနေရာတစ်ဝိုက် ကြွက်သားနှင့် အရေပြားများ ပျက်စီးသွားပြီး နောက်ဆုံးတွင် ပုပ်သွားသည်အထိ အခြေအနေဆိုးရွားနိုင်သည်။ ကိုက်လိုက်သော မြွေစွယ်၏ အနက်၊ သူထုတ်လိုက်သည့် အဆိပ်ပမာဏနှင့် အကိုက်ခံရသော နေရာပေါ်မူတည်ပြီး အဆိပ်ပျံ့နှံ့မှုဖြစ်စဉ်မှာလည်း အနှေး၊ အမြန်ကွာခြားသွားသည်။ ဥပမာ ဦးခေါင်းပိုင်း၊ မျက်နှာ၊ လည်ပင်းတို့ကို အကိုက်ခံရပါက နှလုံးသွေးပြန်ကြောနှင့် နီးစပ်သဖြင့် အဆိပ်ပျံ့မှုလည်း ပိုမြန်ဆန်သည်။

### မြွေကိုက်ခံရလျှင် ရှေးဦးသူနာပြုစုနည်း

မြွေကိုက်ခံရသောအခါ အလွန်တရာ စိတ်တုန်လှုပ်ခြောက်ခြားခြင်း ဖြစ်မသွားပါနှင့်။ အောက်ပါ နည်းနာများအတိုင်း သတိဆောင်ထားပါ။

- MONOVALENT နှင့် POLYVALENT ဟူ၍ မြွေဆိပ်ဖြေဆေး နှစ်မျိုးရှိသည်။ MONOVALENT က သတ်မှတ်ထားသော မြွေအမျိုးအစား တစ်မျိုးတည်းအတွက်သာ သုံးနိုင်ပြီး POLYVALENT က မြွေအမျိုးအစားတစ်မျိုးမကသော အဆိပ်များကို ပြေပျောက်စေသည်။ ထို့ကြောင့် သုံးစွဲရမည့်မြွေဆိပ်ဖြေဆေးသည်လည်း မတူနိုင်၍ မြွေကိုက်ခံရပါက (ဖြစ်နိုင်ပါက) ကိုက်သည့်မြွေကိုတစ်ပါတည်း ဆေးရုံယူသွားပြရန်လိုအပ်သည်။
- မြွေဟူသောသတ္တဝါသည် လူကိုကိုက်ပြီးသည်နှင့် ၎င်းတို့မှာအပြေးမြန်ကြသည်။ ထို့ကြောင့် မိမိအကိုက်ခံရသည့် မြွေ၏အဆင်းသဏ္ဌာန်ကို မှတ်မိအောင်ကြည့်ထားပါ။ (မြွေဟောက်က ပါးပျဉ်းထောင်လေ့ရှိ၍ ခြေမျက်စိအပေါ်ကို ကိုက်တတ်ပြီး မြွေပွေးက ခြေမျက်စိအောက်ကို ကိုက်လေ့ရှိသည်။ အဆိပ်ရှိမြွေ၏ဦးခေါင်းသည် များသောအားဖြင့် တြိဂံပုံသဏ္ဌာန်ဖြစ်သည်)
- ဒုတိယအကြိမ် ထပ်မံ၍အကိုက်မခံရအောင် မြွေနှင့်ဝေးရာသို့ ရှောင်ထွက်သွားပါ။ ချုံပုတ်နှင့်ဝေးရာ သို့မဟုတ် ညီညာပြန့်ပြူးသောမြေက စိတ်ချရသည်။ သို့သော် ဟိုးအဝေးကြီးဆီသို့ တစ်ရှိန်ထိုး ထွက်ပြေးဖို့မလိုအပ်ပေ။ ပြေးလွှားခြင်းက နှလုံးခုန်မြန်ဆန်ကာ ခန္ဓာကိုယ်ထဲသို့ အဆိပ်ပျံ့လွယ်သည်။
- စိတ်ချရသည့်နေရာဟု ယူဆပါက ငြိမ်ငြိမ်လေးလှဲချ၍ အသက်ကို မှန်မှန်ရှူပါ။ စိတ်ငြိမ်ငြိမ်ထားပါ။ စိုးရိမ်ထိတ်လန့်ခြင်းက နှလုံးခုန်မြန်ဆန်စေပြီး မြွေဆိပ်များ မိမိခန္ဓာကိုယ်အတွင်း မြန်မြန်ပျံ့လာစေတတ်သည်။
- အဆိပ်ပြင်းသောမြွေ အကိုက်ခံရပါက ချက်ချင်းဆိုသလို ရောင်ကိုင်းလာစေသည်။ ဥပမာ ခြေထောက်ကို ကိုက်ခံရပါက ဖိနပ်ချွတ်ပါ။ ဘောင်းဘီရှည်ဝတ်ထားပါက ခေါက်တင်လိုက်ပါ။ အကယ်၍ လက်ကိုအကိုက်ခံရပါက လက်စွပ်၊ လက်ပတ်နာရီချွတ်ပါ။ အင်္ကျီလက်ကို အပေါ်သို့ခေါက်တင်ပါ။
- မြွေကိုက်ဒဏ်ရာ၏ အထက်နားမှ ကြိုးဖြင့် ကြပ်ကြပ်စည်းနှောင်ပါ။ မြွေကိုက်ခံရသောအခါ (က) သွေးနှင့် အဆိပ်ရည်များကို ကုန်စင်အောင်ညှစ်ပါ။ (ခ) အဆိပ်မပျံ့စေရန်အတွက် ဒဏ်ရာ၏ နှစ်လက်မ၊ သုံးလက်မအထက် အပေါ်နားကနေ၍ အဝတ်ပတ်တီးကို ခပ်တင်းတင်းစည်းနှောင်ပါ (နိုင်လွန်ဆွဲသား အဝတ်စတွေကို မသုံးပါနှင့်၊ သွေးတိတ်ပတ်တီး မစည်းပါနှင့်)။ (ဂ) ပြင်ပကူးစက်ပိုးမဝင်စေရန် မြွေကိုက်ခံရသောနေရာကို ဆပ်ပြာ၊ ရေသန့်တို့ဖြင့် စင်ကြယ်စွာဆေးကြောပါ။ ကာဘော်လိပ်ဆပ်ပြာ သို့မဟုတ် ဒတ်တောလ်ပိုးသတ်ဆပ်ပြာရနိုင်လျှင်ပိုကောင်းပါသည်။ (ဃ) ဒဏ်ရာပေါ် ရေခဲမအုံပါနှင့်။ (င) အထက်ဖော်ပြပါ ရှေးဦးသူနာပြုစုပြီးပါက အဆိပ်များမပျံ့အောင် ငြိမ်ငြိမ်လေးနေပါ။ ဆေးရုံ၊ ဆေးခန်းသို့ သွားသောအခါတွင်လည်း ခန္ဓာကိုယ်ကို အတတ်နိုင်ဆုံး ငြိမ်ငြိမ်လေးထားပြီးနေပါ။

အချုပ်ဆိုသော် ရေလွှမ်းမိုးခြင်းသည် မြွေများကို နေရာရွှေ့ပြောင်းစေပြီး လူနှင့် ပိုမိုနီးကပ်စေသဖြင့် မြွေကိုက်ခံရနိုင်ခြေကို တိုးမြင့်စေပါသည်။ ထို့ကြောင့် မြွေအန္တရာယ်မှ ရှောင်ရှားနိုင်ရေးအတွက် ချုံထူထပ်သည့် နေရာ၊ အုတ်ပုံအပျက်အစီးများ၊ တွင်းများ စသည့်နေရာများ၌ အဆိပ်ရှိသတ္တဝါများ ခိုအောင်းနေနိုင်သဖြင့် သတိထားရန်၊ မြွေခိုအောင်းနိုင်သည့် နေရာများကို ရှင်းလင်းထားရန်၊ ရှင်းလင်းသည့်အခါတွင်လည်း ရော်ဘာလက်အိတ်များ ဝတ်ဆင်ရန်၊ မြက်များ ရွှံ့နွံထူထပ်သောနေရာများတွင် ဘောင်းဘီရှည်နှင့် လည်ရှည်ဖိနပ်အမာများကို ဝတ်ဆင်ထားရပါမည်။ အရေးကြီးဆုံးအချက်မှာ အကြောင်းအမျိုးမျိုးကြောင့် မြွေကိုက်ခံရပါက နီးစပ်ရာ ကျန်းမာရေးဌာနများသို့ သွားရောက်၍ ဆေးကုသမှု ခံယူရမည် ဖြစ်သည်။

မြွေအကိုက်မခံရအောင် မြက်ဖုတ်များ၊ မြေတွင်းများနှင့် သစ်ခေါင်းပေါက်များကိုဝေးဝေးရှောင်ပြီး သွားလာပါ။ အိမ်မွေးခွေးများက မြွေအန္တရာယ်ကို ကြိုသိမြင်တတ်သဖြင့် ခွေးများဟောင်လျှင် ဂရုတစိုက်စစ်ဆေးပါ။ ညဘက်အပြင်ထွက်သည့်အခါ လက်နှိပ်ဓာတ်မီးဆောင်ထားပါ။ ထို့ပြင် မြွေကိုအသံဖြင့်ခြောက်လှန့်သည့်အနေဖြင့် တုတ်ရှည်ရှည် ဆောင်သွားပါ။ ရေမြောင်းများ ဆည်၍၊ ခြံအစပ်များကို ခုတ်ထွင်ရှင်းလင်းပါ။ မြွေရှိတတ်သည့် တချို့မြို့နယ်တို့တွင် ရေချိုးခန်း၊ အိမ်သာ၊ မီးဖိုချောင်ကို သန့်ရှင်းရေးဂရုစိုက်ကြပါရန်နှင့် မိမိအိပ်ရာခုတင် အပေါ်၊ အောက်တို့ကို သတိနှင့်ဆင်ခြင်၍ မြွေအန္တရာယ်မှ ကာကွယ်ကြပါရန် သတိပေးနှိုးဆော်လိုက်ရပါသည်။ ။

❖ **မြွေများသည် မုန်တိုင်းများနှင့် ရေလွှမ်းမိုးမှုများ ဖြစ်ပွားချိန်တွင် အခြားတိရစ္ဆာန်များကဲ့သို့ လုံခြုံသောနေရာများ၊ ရေဘေးလွတ်ကင်းသောနေရာများကိုရှာဖွေရာမှ သစ်ပင်များ၊ တံခါးဖွင့်ထားသော အိမ်များအတွင်းသို့ ဝင်ရောက်ခိုလှုံလေ့ရှိသည်။ ထို့ပြင် ရေဆိုး၊ ရေညစ်များနှင့်အတူ အဆိပ်ရှိမြွေများ၊ ကင်းများလည်း ရောနှောကာ မျောပါလာတတ်သည်။**

❖ **ထို့ကြောင့် ရေများစီးဝင်ပြီးနောက် ရေပြန်ကျသွားပါက မိမိအိမ်ခြံဝင်း အတွင်း၊ အပြင် တင်ကျန်ရစ်သော မြွေများကို သတိထားသင့်သည်။ ထို့ပြင် အိမ်ထဲသို့ရေဝင်ပြီးနောက် အထဲတွင် ရေဆိုးရေညစ်များ၊ နုန်းမြေအနယ်အနှစ်များ တင်ကျန်နေသော အဆောက်အအုံအတွင်းသို့ သတိဖြင့်ဝင်ရောက်သင့်**

# မွန်ပြည်နယ်၌ တရားမ အမှုလိုက် လက်တွေ့ဘာသာရပ်သင်တန်း အမှတ်စဉ်(၁/၂၀၂၄) ဖွင့်ပွဲ ကျင်းပ



**မော်လမြိုင် စက်တင်ဘာ ၂၈**

မွန်ပြည်နယ် တရားမအမှုလိုက် လက်တွေ့ ဘာသာရပ်သင်တန်း အမှတ်စဉ်(၁/၂၀၂၄) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်နယ် အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အမှာစကား ပြောကြားခဲ့သည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်နယ်ဥပဒေချုပ် ဦးမြင့်အောင်က သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းနှင့် တရားမအမှုလိုက် လက်တွေ့ဘာသာရပ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က တရားမအမှုလိုက် လက်တွေ့ဘာသာရပ် သင်တန်းအမှတ်စဉ်(၁/၂၀၂၄)တွင် တက်ရောက်ကြမည့် ဥပဒေအရာရှိများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကာ သင်တန်းအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ သင်တန်းကို မွန်ပြည်နယ် ဥပဒေချုပ်ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ဥပဒေချုပ်မှ တရားမ ဥပဒေအကြောင်း သိကောင်းစရာများကို သင်ကြားပို့ချ ရှင်းလင်းပြောကြားပြီး ဒုတိယပြည်နယ် ဥပဒေအရာရှိနှင့် ခရိုင်ဥပဒေအရာရှိများက တရားမ အမှုလိုက် လက်တွေ့ ဘာသာရပ်များ အကြောင်းကို ရှင်းလင်းပို့ချခဲ့ကြသည်။

**သင်ကြားပို့ချပေးသွားမည်**

အဆိုပါ သင်တန်းသို့ မွန်ပြည်နယ်အတွင်းရှိဥပဒေရုံးအဆင့်ဆင့်မှ ဥပဒေအရာရှိ အဆင့် ၂၊ အဆင့် ၃၊ အဆင့် ၄ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၅၀ တို့အား စာတွေ့၊ လက်တွေ့ဘာသာရပ်များကို စက်တင်ဘာ ၂၈ ရက်မှ ၂၉ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)

# စမ်းချောင်းမြို့နယ်၌ စာရင်းစစ် စာရင်းကောက်သင်တန်းဆင်းပွဲ ပြုလုပ်

**ရန်ကုန် စက်တင်ဘာ ၂၈**

စမ်းချောင်းမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း စာရင်းစစ်၊ စာရင်းကောက်သင်တန်းဆင်းပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းတော်ဝင်ခန်းမ၌ ပြုလုပ်သည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးဘဝင်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဗဟိုကော်မတီမှပေးပို့သည့် ခန့်အပ်လွှာများကို သင်တန်းသားများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

သျှင်ဝင်းသျှင်






# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြဝတီခရိုင်ရဲတပ်ဖွဲ့က စုပေါင်းသွေးလှူဒါန်း

**မြဝတီ စက်တင်ဘာ ၂၈**

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် မြဝတီခရိုင်ရဲတပ်ဖွဲ့က ကြီးမှူး၍ ခရိုင်နှင့် မြို့နယ်အဆင့် ရဲတပ်ဖွဲ့ဝင်များသည် ယမန်နေ့နံနက် ၉ နာရီခွဲက စုပေါင်းသွေးလှူဒါန်းပွဲကို အမှတ်(၄) ရပ်ကွက် ခရိုင်ပြည်သူ့ဆေးရုံကြီး၌ ပြုလုပ်သည်။

**ကြည့်ရှုအားပေး**

စုပေါင်းသွေးလှူဒါန်းပွဲတွင် မြဝတီခရိုင်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး မိုးကျော်ဟိန်းဦးဆောင်မှုဖြင့် ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မျိုးလွင်၊ ခရိုင်လုံခြုံရေးတပ်ခွဲမှူး ရဲမှူးခင်မောင်ကြည်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်နိုင်ဦး၊ မြို့မရဲစခန်းမှ ဒုတိယရဲမှူး ညီညီလွင်၊ အမှတ်(၃၂) မူးယစ်ဆေးဝါး တားဆီးကာကွယ်နှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ ရဲမှူးရဲနိုင်၊ သတင်းရဲတပ်ဖွဲ့စု(မြဝတီ)မှ ရဲမှူးမြင့်နိုင်၊ အမှတ်(၃) မှုခင်းရဲတပ်ဖွဲ့စိတ်မှ ဒုတိယရဲမှူးလှဝင်း၊ အမှတ်(၇၃)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဒုတိယရဲမှူးအောင်လင်းငွေ၊ အမှတ်(၁)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်မှ ဒုတိယရဲမှူး သက်ဇော်ထွန်း၊ အမှတ်(၁၃) ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့စုမှ ဒုတိယရဲမှူး ထွန်းထွန်းနိုင်တို့က တပ်ဖွဲ့ဝင် ၂၀ တို့၏ စုပေါင်းသွေးလှူဒါန်းမှုကို ကြည့်ရှုအားပေးစကား ပြောကြားသည်။

ထို့နောက် မြဝတီခရိုင်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီးမိုးကျော်ဟိန်းက တပ်ဖွဲ့ဝင်တစ်ဦးလျှင် ကြက်ဥ၊ ဘရင်းကြက်ပေါင်းရည်၊ ဘရင်းငှက်သိုက်၊ အာဟာရဖြည့်အချိုရည်နှင့် ငွေကျပ်တစ်သောင်းနှုန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇာဖြူဝင်း(မြဝတီ)

# ပန်းတောင်းမြို့နယ်၌ မြို့နယ်အဆင့် သန်းခေါင်စာရင်း စာရင်းစစ်၊ စာရင်းကောက်သင်တန်းဆင်းပွဲကျင်းပ

**ပန်းတောင်း စက်တင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက် သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်သူရက အမှာစကားပြောကြားခဲ့သည်။



ထို့နောက် မြို့နယ်သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သူရ၊ မြို့နယ်သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်သက်တင်နှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး သင်တန်း တတ်ရောက်ခဲ့သော မြို့နယ်စာရင်းစစ်၊ စာရင်းကောက် ခန့်အပ်လွှာများနှင့် နည်းပြဆရာ ကိုးဦးတို့အား အမှတ်တရ လက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

သင်းသင်းအေး (ပြန်/ဆက်)

# အုတ်ဖိုမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ

**အုတ်ဖို စက်တင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် လွှစင်ကျေးရွာရှိ တောင်သူ ဦးငွေးမြင့်၏ အစေ့ချကိရိယာဖြင့်စိုက်ပျိုးထားသည့် လယ်နှစ်ဧကတွင် ယမန်နေ့က မိုးစပါးစံကွက် ရိပ်သိမ်းသည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ သာယာဝတီခရိုင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးနိုင်လင်းဦးနှင့် အဖွဲ့ဝင်များ၊ အဆိုပါကျေးရွာမှ မိုးစပါးစိုက် တောင်သူများ ပါဝင်ဆောင်ရွက်ခဲ့ပြီး မိုးစပါးစံကွက်ရိတ်သိမ်းခဲ့ရာ ဗီယက်နမ်စပါးမျိုး တစ်ဧကလျှင် အစို ၁၂၀ ဒသမ ၆၃ တင်း၊ အခြောက် ၁၁၀ ဒသမ ၈၁ တင်းနှုန်းထွက်ရှိသည်။

အုတ်ဖိုမြို့နယ်တွင် ယခုနှစ်အတွင်း မိုးစပါးစိုက်ဧက ၁၀၀၃၇၄ ဧကစိုက်ပျိုးခဲ့ပြီး ၁၈၇၅ ဧကအထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အောင်သူ (အုတ်ဖို)





# ကျောင်းကုန်းမြို့၌ (၁၈)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အခမ်းအနား ကျင်းပ

**ကျောင်းကုန်း စက်တင်ဘာ ၂၈**

၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့တွင် ကျရောက်သည့် (၁၈)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲ အခမ်းအနားကို ကျောင်းကုန်းမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ဂါဒီယန် ဦးစိန်ဝင်းခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာကြည်ကြည်မြင့်က ခွေးရူးရောဂါနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

# လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအဖွဲ့နှင့် ပဋိပက္ခဖြစ်ပွားမှုကို ရပ်တန့်ရန် အစ္စရေး ငြင်းဆို

**ကုလသမဂ္ဂ စက်တင်ဘာ ၂၈**

လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအဖွဲ့နှင့် ပဋိပက္ခဖြစ်ပွားမှုကို ရပ်တန့်ရန် အစ္စရေးက ငြင်းဆိုခဲ့ကြောင်း သိရသည်။

အစ္စရေးတပ်ဖွဲ့နှင့် ဟစ်ဇ်ဘိုလာတို့ကြား တိုက်ပွဲများ ဖြစ်ပွားမှုအပေါ် စိုးရိမ်မှုများ မြင့်တက်နေချိန်တွင် အရှေ့အလယ်ပိုင်းဒေသဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးပွဲကို စက်တင်ဘာ ၂၇ ရက်တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။

**တိုက်ပွဲများ ထပ်မံမဖြစ်ပွားစေလို**

ဂါဇာကမ်းမြောင်ဒေသ ပဋိပက္ခဖြစ်ပွားမှုများကို အဆုံးသတ်နိုင်ခြင်းမရှိသေးချိန်တွင် အရှေ့အလယ်ပိုင်းဒေသတွင်း တိုက်ပွဲများကိုထပ်မံမဖြစ်ပွားစေလိုကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ပြောသည်။



ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး လင်ဒါသောမက်စ်ဂရင်းဖီးလ်က အမေရိကန်နှင့် အခြားနိုင်ငံများ၏ ၂၁ ရက်ကြာ အပစ်အခတ်ရပ်စဲရေး အဆိုပြုချက်ကို ဖော်ပြခဲ့သည်။

အဆိုပါ အပစ်အခတ်ရပ်စဲရေး အဆိုပြုချက်ကို အဖွဲ့ဝင်နိုင်ငံအားလုံး ထောက်ခံပေးရန် ၎င်းက တိုက်တွန်းပြောကြားသည်။

ကုလသမဂ္ဂဆိုင်ရာ အစ္စရေးသံအမတ်ကြီး ဒန်နီဒါနွန်သည် အပစ်အခတ်ရပ်စဲရေးကို လက်ခံခြင်းမရှိဘဲ ဟစ်ဇ်ဘိုလာအဖွဲ့ကို ကျောထောက်နောက်ခံပြုသော အီရန်နိုင်ငံအား ပြစ်တင်ရှုတ်ချခဲ့သည်။

အစ္စရေးနိုင်ငံသည် လက်ဘနွန်နိုင်ငံတစ်ဝန်း၌ တိုက်ခိုက်မှုများကို အဆက်မပြတ်ပြုလုပ်လျက်ရှိပြီး ဒေသတစ်ခုလုံးကို စစ်မြေပြင်အသွင်သို့ ရောက်ရှိရန် တွန်းပို့နေကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး အာဘတ်စ်အာရ်ဂျချီက ပြောကြားသည်။

ထို့ပြင် အစ္စရေးသည် အမေရိကန်၏ ပံ့ပိုးကူညီမှုအပေါ် မှီခိုအားထားနေသည်မှာ အလွန်ရှင်းလင်းပါကြောင်း အာရာဂ်ချီက ဆက်လက်ပြောကြားသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

# လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအဖွဲ့ခေါင်းဆောင် ဟာဆန်နာရာလာ၍ အစ္စရေးလေကြောင်းတိုက်ခိုက်မှုအတွင်း သေဆုံး

**ဘေရွတ် စက်တင်ဘာ ၂၈**

လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအဖွဲ့ခေါင်းဆောင် ဟာဆန်နာရာလာ၍သည် အစ္စရေးတပ်ဖွဲ့၏ လေကြောင်းတိုက်ခိုက်မှုအတွင်း သေဆုံးခဲ့ကြောင်း အစ္စရေးတပ်မတော်က ယနေ့ ကြေညာသည်။ သို့သော် ဟစ်ဇ်ဘိုလာအဖွဲ့က ခေါင်းဆောင် ဟာဆန်နာရာလာ၍ သေဆုံးမှုအခြေအနေကို အတည်ပြုခြင်း မရှိသေးပေ။

လက်ဘနွန်နိုင်ငံ၏မြို့တော် ဘေရွတ်ရှိဟစ်ဇ်ဘိုလာ ဌာနချုပ်ကို အစ္စရေးတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၂၇ ရက်တွင် ပစ်မှတ်ထား တိုက်ခိုက်ခဲ့ရာ ဟစ်ဇ်ဘိုလာအဖွဲ့ခေါင်းဆောင် ဟာဆန်နာရာလာ၍ သေဆုံးခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ လေကြောင်းတိုက်ခိုက်မှုများ ဆင်နွှဲလျက်ရှိစဉ် ဟစ်ဇ်ဘိုလာအဖွဲ့ခေါင်းဆောင် ဟာဆန်နာရာလာ၍သည် မြေအောက်ဌာနချုပ်အတွင်း၌ ရှိနေကြောင်း အစ္စရေးကာကွယ်ရေးတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

အစ္စရေးနိုင်ငံအပေါ် အကြမ်းဖက်လုပ်ရပ်များတွင် ပါဝင်သူများကို ဆက်လက်တိုက်ခိုက်သွားမည်ဖြစ်ကြောင်း အစ္စရေးတပ်မတော်က ကြေညာသည်။

ယခုလအစောပိုင်းမှစပြီး အစ္စရေးကာကွယ်ရေးတပ်ဖွဲ့သည် ဟစ်ဇ်ဘိုလာကို တုံ့ပြန်ရန် ၎င်း၏ စစ်ဆင်ရေးဆောင်ရွက်မှုများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။



စက်တင်ဘာ ၂၃ ရက်က စတင်ခဲ့သည့် အစ္စရေးတပ်ဖွဲ့၏ ပြင်းထန်သော လေကြောင်း တိုက်ခိုက်မှုများကြောင့် လက်ဘနွန်နိုင်ငံတစ်ဝန်း၌ ပြည်သူအများအပြား သေဆုံးခဲ့ကြောင်း သိရသည်။

ဘေရွတ်မြို့တော်နှင့် လက်ဘနွန်အရှေ့ပိုင်းရှိ အခြားသော အမာခံနယ်မြေများအနီးရှိ ဟစ်ဇ်ဘိုလာ၏ လက်နက်ထုတ်လုပ်ရေးစက်ရုံများကို အစ္စရေးတပ်ဖွဲ့က ပစ်မှတ်ထားပြီး တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့က ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့က အစ္စရေးနိုင်ငံမြောက်ပိုင်းတွင်လည်း နောက်ထပ်အရန်တပ်မနှစ်ခုကို တပ်ဖြန့်ထားပြီး မြေပြင်ထိုးစစ်အတွက် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ဟစ်ဇ်ဘိုလာ ခေါင်းဆောင် ဟာဆန်နာရာလာ၍ သေဆုံးမှုသည် နှစ်ဖက်ကြား ပဋိပက္ခများကို ပိုမိုကြီးထွားစေမည်ဖြစ်ကြောင်း နိုင်ငံရေးစောင့်ကြည့်သူများက သုံးသပ်ပြောကြားသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

# နီပေါနိုင်ငံ၌ ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် ၅၉ ဦး သေဆုံးကာ ၃၆ ဦး ဒဏ်ရာရ

**ခတ္တမန္ဒူ စက်တင်ဘာ ၂၈**

နီပေါနိုင်ငံ၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများကြောင့် အနည်းဆုံး ၅၉ ဦးထက် မနည်း သေဆုံးပြီး ၃၆ ဦး ဒဏ်ရာရခဲ့ကြောင်း ရဲတပ်ဖွဲ့က စက်တင်ဘာ ၂၈ ရက် မွန်းလွဲပိုင်းတွင် ပြောကြားခဲ့သည်။

စက်တင်ဘာ ၂၇ ရက် ညနေပိုင်းကတည်းက မိုးရွာသွန်းမှုကြောင့် ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးအန္တရာယ်များကြောင့် စုစုပေါင်း လူ ၄၄ ဦး ပျောက်ဆုံးနေပြီး ဒေသခံ ၁၂၅၂ ဦးအား ရဲတပ်ဖွဲ့က ကယ်ဆယ်နိုင်ခဲ့ကြောင်း နီပေါရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဘန်ဒါဟာဒူကာကီက ပြောကြားသည်။

ရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်တစ်ခုအရ နီပေါနိုင်ငံတစ်ဝန်းရှိ ခတ္တမန္ဒူမြို့နှင့် ဆက်သွယ်ထားသည့် အဝေးပြေးလမ်းများအပါအဝင် အဝေးပြေးလမ်းအားလုံးနီးပါးမှာ ပိတ်ဆို့မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။



နီပေါနိုင်ငံအစိုးရက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရဲအရာရှိ ၂၀၀၀၀ ကျော်ကို ခေါ်ယူထားကြောင်း ကြေညာခဲ့သည်။ နီပေါနိုင်ငံသည် ယခုနှစ်မုတ်သုံရာသီအတွင်း ပျမ်းမျှမိုးရေချိန်များပြားနေကြောင်းလည်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အလင်းသစ်

# ဆိုရှယ်မီဒီယာ အိပ်စ် ပြန်လည်သုံးစွဲခွင့်ရရှိရန် ဘရာဇီးတရားရုံးချုပ်အား တောင်းဆို

**ရီယိုဒီဂျနေးရိုး စက်တင်ဘာ ၂၈**

ဆိုရှယ်မီဒီယာကုမ္ပဏီ အိပ်စ်သည် ဘရာဇီးနိုင်ငံ၌ ၎င်း၏ ပလက်ဖောင်းကို ပြန်လည်သုံးစွဲခွင့်ရရှိရန် ဘရာဇီးတရားရုံးချုပ်အား ယမန်နေ့က တောင်းဆိုခဲ့ကြောင်း သိရသည်။

ဆိုရှယ်မီဒီယာကုမ္ပဏီ အိပ်စ်သည် တရားရုံးချုပ်က အမိန့်ချမှတ်ထားသည့် လိုက်နာရန်လိုအပ်သော ကိစ္စရပ်များကို ဆောင်ရွက်ပြီးနောက် နိုင်ငံအတွင်း သုံးစွဲခွင့်ပြန်လည်ရရှိရေးအတွက် တောင်းဆိုခဲ့ကြောင်း သိရသည်။

သတင်းမှားဖြန့်သည်ဟု စွပ်စွဲခံထားရသော အကောင့်များကို ပိတ်ပစ်ရန် တရားရုံးချုပ်၏ တောင်းဆိုမှုအပေါ် ကုမ္ပဏီက လိုက်နာဆောင်ရွက်ခြင်းမရှိသည့်အတွက် ဩဂုတ်လ ၃၀ ရက်မှစတင်ပြီး နိုင်ငံအတွင်း သုံးစွဲခွင့်ကို ဆိုင်းငံ့ရန် တရားရုံးချုပ်က အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

လွတ်လပ်စွာပြောဆိုခြင်းသည် ဒီမိုကရေစီ၏အခြေခံအုတ်မြစ်ဖြစ်သည်ဟု ဆိုရှယ်မီဒီယာကုမ္ပဏီ အိပ်စ်ပိုင်ရှင် အီလွန်မက်စ်က ပြောကြားခဲ့သည်။ သို့သော် နိုင်ငံအတွင်း၌ အသုံးပြုခွင့်ပြန်လည်ရရှိရန် တရားရုံးချုပ်က တောင်းဆိုသည့်အတိုင်း လိုက်နာဆောင်ရွက်ခဲ့ကြောင်း ဘရာဇီးမီဒီယာများက ပြောသည်။

ဘရာဇီးနိုင်ငံ၌ ဆိုရှယ်မီဒီယာကုမ္ပဏီ အိပ်စ်ကို အသုံးပြုခွင့်ဆိုင်းငံ့ထားခြင်းအပေါ် သဘောထားကွဲလွဲမှုများနှင့်အတူ ကြီးမားသည့် အငြင်းပွားမှုများပါ ဖြစ်ပေါ်စေခဲ့သည်။

ဘရာဇီးသမ္မတဟောင်း ဘော်ဆိုနာရိုနှင့် ၎င်း၏ထောက်ခံသူများသည် တရားရုံး၏ ဆုံးဖြတ်ချက်ကို ဝေဖန်ခဲ့သည်။

လက်ရှိတွင် ဘရာဇီးတရားရုံးချုပ်သည် နိုင်ငံအတွင်း ဆိုရှယ်မီဒီယာ အိပ်စ်ကို ပြန်လည်သုံးစွဲခွင့်ပေးမည်လားဆိုသည်ကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

# ယီမင်ရှိ ဟူသီသူပုန်များက ပင်လယ်နီဒေသတွင် အမေရိကန် စစ်သင်္ဘောသုံးစင်းကို တိုက်ခိုက်ခဲ့

**ဆာနား စက်တင်ဘာ ၂၈**

ယီမင်နိုင်ငံရှိ ဟူသီအုပ်စုက ပင်လယ်နီဒေသတွင် အမေရိကန် စစ်သင်္ဘောသုံးစင်းအား ပဲ့ထိန်းဒုံးကျည် ၂၃ စင်းနှင့် ဒရုန်းတစ်စင်းတို့ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း စက်တင်ဘာ ၂၇ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ပင်လယ်နီရှိ အမေရိကန် စစ်သင်္ဘောသုံးစင်းကို ပစ်မှတ်ထားကာ စစ်ဆင်ရေးကို လုပ်ဆောင်ခဲ့ကြောင်းနှင့် အဆိုပါ စစ်သင်္ဘောသုံးစင်းသည် အစ္စရေးအား အထောက်အပံ့ပေးနေကြောင်း ဟူသီစစ်ဘက် ပြောရေးဆိုခွင့်ရှိသူ ယာယာဆာရီယာက ဟူသီနိုင်ငံပိုင် al-Masirah TV မှ ထုတ်လွှင့်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

**တိုက်ရိုက်ထိမှန်ခဲ့**

အမေရိကန် ဖျက်သင်္ဘောသုံးစင်းသည် တိုက်ရိုက်ထိမှန်ခဲ့ကြောင်း ဆာရီယာက ပြောကြားပြီး အဆိုပါ တိုက်ခိုက်မှုသည် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလနောက်ပိုင်း အကြီးမားဆုံး တိုက်ခိုက်မှုဖြစ်ကြောင်း သိရသည်။

ထို့ပြင် စက်တင်ဘာ ၂၆ ရက် ညပိုင်းတွင် အစ္စရေးနယ်မြေနှစ်ခုဖြစ်သော ဂျက်ဖာနှင့် အက်ရှ်ကီလွန်တို့ကို ပစ်မှတ်ထားသည့် အခြားစစ်ဆင်ရေးနှစ်ခုနှင့်အတူ တိုက်ခိုက်မှုများကို တစ်ပြိုင်နက် လုပ်ဆောင်ခဲ့ကြောင်းလည်း သိရသည်။

ထို့ပြင် ပါလက်စတိုင်းနှင့် လက်ဘနွန်တို့အား အထောက်အပံ့ပေးရန် ယီမင်နိုင်ငံရှိ ဟူသီအုပ်စုက အစ္စရေးပစ်မှတ်များကို ဆက်လက်တိုက်ခိုက်သွားမည်ဟု ဆာရီယာက ကတိပြုပြောကြားခဲ့သည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အလင်းသစ်

# ရန်ကုန်တိုင်းဒေသကြီးအတွင်း အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့သည့် Anonymous Force အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၈**

နိုင်ငံတော်အစိုးရက အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့် ဆက်နွှယ်နေသာ အဖွဲ့အစည်းများ နှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ ပြည်သူများအား အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများအား ဖောက်ခွဲဖျက်ဆီးခြင်း၊ အများပြည်သူပိုင်ပစ္စည်းများအား ဓားပြတိုက်လုယက်ခြင်း စသည့် အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေး**

၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ် (၁၀၇) ရပ်ကွက် ငုဝါမြိုင်လမ်းရှိ ရစဖရုံး၌ ရစဖမှူး ဦးကြည်ထွန်း၊ ရာအိမ်မှူး ဦးဆွေမြင့်အောင်နှင့် ရုံးအကူ ဦးမျိုးမြင့်ထွန်း(ခ) သားကြီးတို့ သုံးဦးသည် ရုံးလုပ်ငန်းများ ဆောင်ရွက်နေစဉ် (စီစစ်ဆဲ) ကျားလေးဦးက ယာဉ်ဖြင့်ရောက်ရှိလာပြီး သေနတ်ဖြင့် ပစ်ခတ် ထွက်ပြေးသွားခဲ့ရာ ရစဖမှူးနှင့် ရာအိမ်မှူးတို့ သေဆုံးခဲ့ပြီး ရုံးအကူမှာ မစိုးရိမ်ရ ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှုကို မလိုလားသောပြည်သူများ၏ ပူးပေါင်းပါဝင် သတင်းပေးမှုများကြောင့် စက်တင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ် (၇၂) ရပ်ကွက် ဇီဇဝါလမ်းတွင် တရားခံကျော်စွာအောင် (ခ) ကျော်စွာကိုလည်းကောင်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ် (၇၁) ရပ်ကွက် ဗိုလ်မင်းရောင်လမ်းတွင် တင်ဝင်း (ခ) ဝင်းချိုကိုလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့သည့်

Anonymous Force အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များအား လက်နက်/ ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိအခြေအနေပြဇယား




ဖမ်းဆီးရမိ တရားခံ တင်ဝင်း (ခ) ဝင်းချို၏ ထွက်ဆိုချက်အရ စက်တင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းတွင် ရွှေပေါက်ကံမြို့သစ် အမှတ် (၁၂) ရပ်ကွက် (၈၅) လမ်း၌ အောင်မင်းခန့် (ခ) ကျော်ကျော်နန္ဒ၊ ၎င်းနှင့် တရားမဝင်ပေါင်းသင်းနေထိုင်သူ ယုနန္ဒာစိုးတို့ နှစ်ဦးကိုလည်းကောင်း၊ စက်တင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းတွင် အုတ်တွင်းမြို့နယ် ကျွဲပွဲဘူတာ၌ ခင်မောင်ငွေး (ခ) ကျန်ကျောင်းကိုလည်းကောင်း၊ ရန်ကင်းမြို့နယ် အမှတ် (၁၂) ရပ်ကွက် အိမ်အမှတ် (၃၁၉) တွင် ရဲရင့်အောင်(ခ) ကိုရဲ (ခ) တင်ထွန်းကိုလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

**ထပ်မံဖမ်းဆီးရမိ**

ဖမ်းဆီးရမိတရားခံ ရဲရင့်အောင် (ခ) ကိုရဲ (ခ)တင်ထွန်း၏ ထွက်ဆိုချက်အရ စက်တင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းတွင် လှိုင်သာယာမြို့နယ် ဒဂုံရော အဝေးပြေး ကားဝင်းအတွင်း၌ ထက်ကြီး (ခ) ကျော်ကြီး၊ အာကာဖြိုး (ခ) အောင်မင်းခန့်နှင့် လျှန်းထက်အောင်တို့ သုံးဦးကို Sigsauer ပစ္စတိုသေနတ်တစ်လက်၊ Glock ပစ္စတို တစ်လက်၊ ကျည်အိမ်နှစ်ခု၊ ၉ မမ ကျည်အတောင့် ၂၀ တို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။ ထို့အပြင် စက်တင်ဘာ ၂၇ ရက် ညနေပိုင်းတွင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ် (၁၀၇) ရပ်ကွက်၌ နေလင်း၊ တင်လှနှင့် မြင့်ကျော်တို့ သုံးဦးကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးတို့ကို အကြောင်းမဲ့ လုပ်ကြံသတ်ဖြတ်ခဲ့သည့် တရားခံ ကျား ၁၁ ဦး၊ မ တစ်ဦးတို့ကို Sigsauer ပစ္စတိုသေနတ်တစ်လက်၊ Glock ပစ္စတိုတစ်လက်၊ ကျည်အိမ်နှစ်ခု၊ ၉ မမ ကျည်အတောင့် ၂၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ၂၀၂၃ ခုနှစ် နိုဝင်ဘာလခန့်တွင် တရားခံ ရဲရင့်အောင် (ခ) ကိုရဲ (ခ) တင်ထွန်း၊ ထက်ကြီး(ခ)ကျော်ကြီးနှင့် အာကာဖြိုး(ခ)အောင်မင်းခန့်တို့သည် KNLA တပ်မဟာ (၂) နယ်မြေသို့ သွားရောက်၍ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေး သင်တန်းကို တစ်လကြာ တက်ရောက်ခဲ့ကြောင်း၊ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေး သင်တန်းဆင်းပြီးနောက် ရန်ကုန်မြို့သို့ ပြန်လာခဲ့ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေရန်အတွက် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ရန် ရည်ရွယ်၍ Anonymous Force အမည်ခံ အကြမ်းဖက်အဖွဲ့အား ရဲရင့်အောင်(ခ)ကိုရဲ(ခ)တင်ထွန်း ခေါင်းဆောင်၍ ခင်မောင်ငွေး(ခ) ကျန်ကျောင်း၊ ထက်ကြီး(ခ) ကျော်ကြီး၊ အာကာဖြိုး(ခ) အောင်မင်းခန့်၊ လျှန်းထက်အောင်၊ အောင်မင်းခန့်(ခ) ကျော်ကျော်နန္ဒ၊ ဖမ်းဆီးရန်ကျန်တရားခံ **ဖြိုးဇင်အောင်**တို့ပါဝင်သော အဖွဲ့ဝင် ခုနစ်ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း၊ လုပ်ကြံသတ်ဖြတ်ရာတွင် အသုံးပြုခဲ့သည့် လက်နက်/ ခဲယမ်းများအား KNLA တပ်မဟာ (၇) တွင် ခိုအောင်း နေထိုင်လျက်ရှိသည့် ဖမ်းဆီးရန်ကျန် တရားခံ **မှတ်ကြီး (ခ) မှုံကြီး**က ပေးပို့ခဲ့ခြင်းဖြစ်ပြီး ထက်ကြီး (ခ) ကျော်ကြီးနှင့် ယုနန္ဒာစိုးတို့ထံတွင် သိုဝှက်သိမ်းဆည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**ပုဂ္ဂိုလ်ရေးမကျေနပ်မှုများ**

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဖမ်းဆီးရန်ကျန်တရားခံ **မှတ်ကြီး (ခ) မှုံကြီး**က Anonymous Force အမည်ခံ အကြမ်းဖက်အဖွဲ့အား ရန်ကုန်မြို့အတွင်း၌ ဒလန်ရှင်းလင်းရေး အကြောင်းပြကာ အစိုးရဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ရန် စေခိုင်းခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် မတိုင်မီကာလတွင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ် (၁၀၇) ရပ်ကွက်၌ တရားခံ မြင့်ကျော်သည် ရစဖမှူးအဖြစ်လည်းကောင်း၊ တရားခံ ခင်မောင်ငွေး (ခ) ကျန်ကျောင်းနှင့် နေလင်းတို့သည် ရစဖရုံးစာရေးများအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သူများ ဖြစ်သဖြင့် လက်ရှိရစဖမှူးနှင့် ရစဖရုံးစာရေးများအပေါ် ပုဂ္ဂိုလ်ရေးအရ မကျေနပ်မှုများ ရှိနေသဖြင့် ဒလန်ဟုစွပ်စွဲကာ လုပ်ကြံသတ်ဖြတ်ခဲ့ခြင်း ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

စာမျက်နှာ ၁၅ သို့ ❑



Anonymous Force အမည်ခံအကြမ်းဖက်အဖွဲ့က ရန်ကုန်တိုင်းဒေသကြီးအတွင်း အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ရာတွင် အသုံးပြုခဲ့သည့် လက်နက်/ ခဲယမ်းများ၏ မှတ်တမ်းဓာတ်ပုံ။

❑ စာမျက်နှာ ၁၄ မှ

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ Anonymous Force အမည်ခံ အကြမ်းဖက်အဖွဲ့သည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁၀၇)ရပ်ကွက် ရစဖမှူးနှင့် ရာအိမ်မှူးတို့အား လုပ်ကြံသတ်ဖြတ်ရန် မြင့်ကျော်၊ နေလင်း၊ တင်ဝင်း(ခ)ဝင်းချို့နှင့် တင်လှတို့က လုပ်ကြံသတ်ဖြတ်မှု မတိုင်မီ တစ်ပတ်ခန့်ကြိုတင်၍ Scout ကြည့်ရှုခဲ့ကြောင်း၊ ၎င်းနောက် စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် ခင်မောင်ဌေး(ခ)ကျန်ကျောင်း၊ ကျော်စွာအောင်(ခ) ကျော်စွာ၊ အာကာဖြိုး(ခ) အောင်မင်းခန့်၊ အောင်မင်းခန့်(ခ)ကျော်ကျော်နန္ဒတို့လေးဦးသည် မော်တော်ယာဉ်ဖြင့် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၁၀၇)ရပ်ကွက် ၄၀ါ မြိုင်လမ်းရှိ ရစဖရုံးသို့ သွားရောက်ခဲ့ပြီး အာကာဖြိုး (ခ)အောင်မင်းခန့်နှင့် အောင်မင်းခန့်(ခ)ကျော်ကျော်နန္ဒတို့က ရစဖမှူး ဦးကြည်ထွန်း၊ ရာအိမ်မှူး ဦးဆွေမြင့်အောင်နှင့် ရုံးအကူ ဦးမျိုးမြင့်ထွန်း(ခ)သားကြီးတို့အား ပစ္စတိုဖြင့် ၁၄ ချက်ပစ်ကာ လုပ်ကြံ သတ်ဖြတ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ထို့ပြင် ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ Anonymous Force အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များသည် ၎င်းတို့နှင့် ပုဂ္ဂိုလ်ရေးအရ အဆင်မပြေသည့် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများအား ဒလန်ဟု စွပ်စွဲ၍ အကြောင်းမဲ့လုပ်ကြံသတ်ဖြတ်မှုတစ်ကြိမ်၊ ဖောက်ခွဲဖျက်ဆီးမှု တစ်ကြိမ်ပြုလုပ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်-

- ၂၀၂၄ ခုနှစ် မေလ ၁၃ ရက်တွင် လှိုင်သာယာမြို့နယ် အမှတ် (၆)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သူအား ဒလန်ဟု စွပ်စွဲ၍ အာကာဖြိုး(ခ)အောင်မင်းခန့်၊ အောင်မင်းခန့်(ခ)ကျော်ကျော်နန္ဒတို့က ပစ္စတိုဖြင့် အကြောင်းမဲ့ လုပ်ကြံ သတ်ဖြတ်ခဲ့ရာတွင် ထက်ကြီး (ခ) ကျော်ကြီးနှင့် လျှန်းထက်အောင်တို့ နှစ်ဦးက Scout ကြည့်ရှုပေးခဲ့ကြောင်း။
- ဇွန်လ ပထမပတ်တွင် အာကာဖြိုး(ခ) အောင်မင်းခန့်၊ အောင်မင်းခန့်(ခ) ကျော်ကျော်နန္ဒတို့က လက်ပစ်ဗုံးနှစ်လုံးဖြင့် ကမာရွတ်မြို့မရဲစခန်းအား ပစ်ခတ်ဖောက်ခွဲခဲ့ရာတွင် ထက်ကြီး(ခ) ကျော်ကြီးနှင့် လျှန်းထက်အောင်တို့ နှစ်ဦးက Scout ကြည့်ရှုပေးခဲ့ကြောင်း။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဖမ်းဆီးရန်ကျန် တရားခံ **မှတ်ကြီး(ခ) မှုံကြီး**က လုပ်ကြံ သတ်ဖြတ်မှုများနှင့် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် Anonymous Force အမည်ခံအကြမ်းဖက်အဖွဲ့အား Kpay မှတစ်ဆင့် လုပ်ကြံသတ်ဖြတ်မှုနှင့် အကြမ်းဖက်မှု တစ်ကြိမ်လျှင် ငွေကျပ်သိန်း ၃၀ ထောက်ပံ့ပေးခဲ့ကြောင်း၊ ရရှိသော ငွေကြေးများအား Anonymous Force အမည်ခံအကြမ်းဖက်အဖွဲ့ ခေါင်းဆောင် ရဲရင့်အောင်(ခ)ကိုရဲ (ခ)တင်ထွန်းက ပြန်လည်ခွဲဝေပေးကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများအားဥပဒေအရင်းတို့ကျူးလွန်ခဲ့သောပြစ်မှုများအတိုင်း ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဆက်လက်ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား လျှို့ဝှက်ပေးထား၍ ဆုငွေများ ထိုက်တန်စွာ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများအမြန်ဆုံး အေးချမ်း တည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်း ဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်

၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် (၁၀၇)ရပ်ကွက်ရှိ ရစဖရုံး၌ အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် သေဆုံး/ဒဏ်ရာရရှိခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံ



ရစဖမှူး ဦးကြည်ထွန်း(၆၇)နှစ် (သေဆုံး)



ရာအိမ်မှူး ဦးဆွေမြင့်အောင် (၆၀)နှစ် (သေဆုံး)



ရုံးအကူ ဦးမျိုးမြင့်ထွန်း(ခ)သားကြီး (၄၆)နှစ် (မစိုးရိမ်ရ)

၂၀၂၄ ခုနှစ် မေလ ၁၃ ရက်တွင် လှိုင်သာယာမြို့နယ် အမှတ် (၆)ရပ်ကွက် အုပ်ချုပ်ရေးမှူး ပစ်ခတ်ခံရသည့် မှတ်တမ်းဓာတ်ပုံ



ရစဖမှူး ဦးအောင်ကျော်သူ (၂၄)နှစ် (သေဆုံး)

# ငဖဲမြို့နယ် ဂုတ်ကြီးကျေးရွာတွင် ဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းချိုင့်သွားပို့သည့် ဖခင်နှင့် လေးနှစ်အရွယ်သမီးငယ်တို့အား PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်

နေပြည်တော် စက်တင်ဘာ ၂၈

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ဂုတ်ကြီးကျေးရွာမှ ဖခင်နှင့် သမီးငယ်တို့ နှစ်ဦးသည် ကျေးရွာရှိ တောရဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းချိုင့်ပို့ရန် သွားရောက်စဉ် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့ရာ ဖခင်ဖြစ်သူနှင့် အသက်လေးနှစ်အရွယ် သမီးတို့ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ဂုတ်ကြီးကျေးရွာမှ အမျိုးသားတစ်ဦးသည် စက်တင်ဘာ ၂၇ ရက် နံနက် ၉ နာရီ မိနစ် ၂၀ ခန့်တွင် ၎င်း၏သမီးဖြစ်သူ အသက် လေးနှစ်အရွယ် သမီးဖြစ်သူနှင့်အတူ တောရဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းချိုင့်သွားရောက် ပို့ဆောင်စဉ် PDF အမည်ခံအကြမ်းဖက်သမားများက ရက်စက်ယုတ်မာစွာ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့ရာ သားအဖနှစ်ဦးစလုံး လက်နက်ငယ်ထိမှန်ဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ လူမဆန်စွာ ရက်စက်ယုတ်မာသော လုပ်ရပ်ကို လုပ်ဆောင်ခဲ့သည့် PDF အမည်ခံအကြမ်းဖက်သမားများကို သတင်းသုံးသပ်ဖော်ထုတ် ဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းကျေးရွာနှင့် ပတ်ဝန်းကျင်အား ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းနှင့် လိုအပ်သောလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အကြမ်းဖက်အဖွဲ့များဖြစ်သည့် CRPH နှင့် NUG လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများသည် ၎င်းတို့ ခိုအောင်းလှုပ်ရှားနေသည့် ဒေသများတွင် ၎င်းတို့အပေါ် အားပေးထောက်ခံမှုမရှိသည့် ဒေသခံပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ မြို့၊ ရွာများအတွင်း ဝင်ရောက်၍ မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ကြီးများ၊ ဒရုန်းများအသုံးပြု၍ ပစ်ခတ်တိုက်ခိုက်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များအား အဆင်အခြင်မဲ့စွာ လုပ်ဆောင်လျက်ရှိသည်။ PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ယခုကဲ့သို့ ကလေးငယ်များပါမချန် အပြစ်မဲ့ပြည်သူများအား ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းအပေါ် ဒေသခံပြည်သူများက ရွံရှာစက်ဆုပ် မုန်းတီးလျက်ရှိပြီး ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များအပေါ် လက်ခံနိုင်ခြင်းမရှိသည့်အတွက် တပ်မတော်၏ အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်မှု (Counter- Terrorism Operation) ဆောင်ရွက်ရာတွင် အားတက်သရော ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ငဖဲမြို့နယ် ဂုတ်ကြီးကျေးရွာမှ ဖခင်ဖြစ်သူနှင့် အသက်လေးနှစ်အရွယ် သမီးငယ်တစ်ဦး သေဆုံးခဲ့မှု ဖြစ်စဉ်ပြပုံ



PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ငဖဲမြို့နယ် ဂုတ်ကြီးကျေးရွာမှ ဖခင်ဖြစ်သူနှင့် အသက်လေးနှစ်အရွယ် သမီးငယ်တစ်ဦး သေဆုံးခဲ့မှုအား တွေ့မြင်ရစဉ်။

နောက်ဆက်တွဲ (ခ-၁)

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ရေပိုလွှဲမှ ရေကျော်နေသည့် တမံများ၏အခြေအနေ (၂၈-၉-၂၀၂၄)ရက်နေ့ (၀၆:၀၀)နာရီ

| စဉ် | ရေလှောင်တမံ/ ဆည်/ကန်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန်ရေပြည့် ရေမှတ် (ပေ) | တမံထိပ် ပြင်မြင့် အမှတ် (ပေ) | (၂၇.၉.၂၀၂၄) နံနက် (၀၆:၀၀) နာရီ ရေမှတ် (ပေ) | (၂၈.၉.၂၀၂၄) နံနက် (၀၆:၀၀) နာရီ ရေမှတ် (ပေ) | ခြားနားချက် နှိုင်းယှဉ်ချက် + တိုး - လျော့ (ပေ) | ရေ ကျော် အမြင့် (ပေ) | တမံထိပ် ရောက်ရှိ ရန်လို (ပေ) | အမြင့်ဆုံး ရောက်ရှိ ခဲ့သည့် ရေမှတ် (ပေ) | အမြင့်ဆုံး ရေကျော် ခဲ့သည့် အမြင့် (ပေ) | အမြင့်ဆုံး ရေမှတ် ရောက်ရှိ ခဲ့သည့် ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | **ကရင်ပြည်နယ်** | | | | | | | | | | | |
| ၁ | ရေဘုတ် | ဘားအံ/လှိုင်းဘွဲ့ | ၆၃.၀၀ | ၇၁.၀၀ | ၆၃.၇၀ | ၆၃.၆၀ | -၀.၁၀ | ၀.၆၀ | ၇.၄၀ | ၆၉.၆၀ | ၆.၆၀ | ၂၉.၇.၂၀၁၃ | စိုးရိမ်ရန်မရှိပါ။ |
| | | **ချင်းပြည်နယ်** | | | | | | | | | | | |
| ၂ | လိုင်ဗား | ဖလမ်း/ဖလမ်း | ၆၂၈၄.၅၀ | ၆၂၉၀.၀၀ | ၆၂၈၅.၀၀ | ၆၂၈၅.၀၀ | ၀.၀၀ | ၀.၅၀ | ၅.၀၀ | - | - | - | စိုးရိမ်ရန်မရှိပါ။ |
| ၃ | အောက်လိုင်ဗား | ဖလမ်း/ဖလမ်း | ၆၂၀၀.၇၅ | ၆၂၁၀.၀၀ | ၆၂၀၀.၈၅ | ၆၂၀၀.၈၅ | ၀.၀၀ | ၀.၁၀ | ၉.၁၅ | ၆၂၀၁.၉၅ | ၁.၂၀ | ၅.၇.၂၀၂၀ | ။ |
| ၄ | သီကီရ် | ဟားခါး/ထန်တလန် | ၅၀၀၀.၀၀ | ၅၀၁၀.၀၀ | ၅၀၀၀.၃၅ | ၅၀၀၀.၃၅ | ၀.၀၀ | ၀.၃၅ | ၉.၆၅ | - | - | - | ။ |
| | | **စစ်ကိုင်းတိုင်းဒေသကြီး** | | | | | | | | | | | |
| ၅ | မြောက်ယမား | ပုလဲ/ပုလဲ | ၄၈၇.၀၀ | ၄၉၈.၀၀ | ၄၈၉.၀၀ | ၄၈၉.၀၀ | ၀.၀၀ | ၂.၀၀ | ၉.၀၀ | ၄၉၄.၂၀ | ၇.၂၀ | ၂၀.၁၀.၂၀၁၁ | စိုးရိမ်ရန်မရှိပါ။ |
| ၆ | ရာဇဂြိုဟ် | ကလေး/ကလေး | ၆၄၀.၅၀ | ၆၆၀.၀၀ | ၆၄၂.၅၀ | ၆၄၃.၀၀ | ၀.၅၀ | ၂.၅၀ | ၁၇.၀၀ | ၆၅၃.၆၀ | ၁၃.၆၀ | ၃၁.၇.၂၀၁၅ | ။ |
| | | **ပဲခူးတိုင်းဒေသကြီး** | | | | | | | | | | | |
| ၇ | ရေသိုး | တောင်ငူ/အုတ်တွင်း | ၂၂၀.၀၀ | ၂၃၀.၀၀ | ၂၂၀.၄၀ | ၂၂၀.၄၀ | ၀.၀၀ | ၀.၄၀ | ၉.၆၀ | ၂၂၃.၉၀ | ၃.၉၀ | ၇.၁၀.၂၀၀၈ | စိုးရိမ်ရန်မရှိပါ။ |
| ၈ | မင်းရဲ | တောင်ငူ/အုတ်တွင်း | ၂၀၅.၀၀ | ၂၁၅.၀၀ | ၂၀၅.၁၀ | ၂၀၅.၁၀ | ၀.၀၀ | ၀.၁၀ | ၉.၉၀ | ၂၁၁.၅၀ | ၆.၅၀ | ၃.၈.၂၀၂၀ | ။ |
| ၉ | ငမြေ | တောင်ငူ/ဖြူး | ၂၃၃.၀၀ | ၂၄၂.၀၀ | ၂၃၃.၃၀ | ၂၃၃.၂၀ | -၀.၁၀ | ၀.၂၀ | ၈.၈၀ | ၂၃၆.၂၀ | ၃.၂၀ | ၁၃.၁၁.၂၀၀၁ | ။ |
| ၁၀ | ပျဉ်ပုံကြီး | ညောင်လေးပင်/ဒိုက်ဦး | ၁၅၆.၀၀ | ၁၆၄.၀၀ | ၁၅၆.၆၀ | ၁၅၆.၄၀ | -၀.၂၀ | ၀.၄၀ | ၇.၆၀ | ၁၆၀.၂၀ | ၄.၂၀ | ၈.၁၀.၂၀၂၃ | ။ |
| ၁၁ | ရွှေပြည်(၃) | ပဲခူး/ပဲခူး | ၇၀.၀၀ | ၈၀.၀၀ | ၇၀.၁၀ | ၇၀.၁၀ | ၀.၀၀ | ၀.၁၀ | ၉.၉၀ | ၇၂.၀၀ | ၂.၀၀ | ၁၃.၈.၂၀၀၄ | ။ |
| ၁၂ | တောင်နဝင်းရေထိန်း | ပြည်/ပေါက်ခေါင်း | ၂၀၁.၄၅ | ၂၂၁.၁၄ | ၂၀၂.၉၃ | ၂၀၂.၇၇ | -၀.၁၆ | ၁.၃၂ | ၁၈.၃၇ | ၂၀၅.၅၅ | ၄.၁၀ | ၁.၉.၂၀၁၉ | ။ |
| ၁၃ | ကန်ကြီးကုန်း | ပြည်/ပြည် | ၃၀၀.၀၀ | ၃၁၀.၀၀ | ၃၀၀.၁၀ | ၃၀၀.၀၂ | -၀.၀၈ | ၀.၀၂ | ၉.၉၈ | ၃၀၂.၈၀ | ၂.၈၀ | ၉.၉.၂၀၀၂ | ။ |
| ၁၄ | ရွှေတောင် | ပြည်/ရွှေတောင် | ၁၉၃.၀၀ | ၂၀၃.၅၀ | ၁၉၄.၄၀ | ၁၉၄.၃၀ | -၀.၁၀ | ၁.၃၀ | ၉.၂၀ | ၁၉၅.၅၀ | ၂.၅၀ | ၂၃.၁၀.၂၀၁၀ | ။ |
| ၁၅ | ခဝါ | ပြည်/ပန်းတောင်း | ၂၃၀.၀၀ | ၂၄၀.၀၀ | ၂၃၀.၅၀ | ၂၃၀.၃၀ | -၀.၂၀ | ၀.၃၀ | ၉.၇၀ | ၂၃၉.၅၀ | ၉.၅၀ | ၁၁.၆.၂၀၁၆ | ။ |
| ၁၆ | တောင်ညို | နတ္တလင်း/နတ္တလင်း | ၂၅၅.၀၀ | ၂၇၀.၀၀ | ၂၅၈.၀၀ | ၂၅၇.၇၅ | -၀.၂၅ | ၂.၇၅ | ၁၂.၂၅ | ၂၅၈.၇၅ | ၃.၇၅ | ၂၂.၈.၂၀၀၆ | ။ |
| ၁၇ | ဘော်ဘင်(၂) | သာယာဝတီ/ဇီးကုန်း | ၂၆၅.၀၀ | ၂၈၀.၀၀ | ၂၆၆.၃၀ | ၂၆၆.၀၀ | -၀.၃၀ | ၁.၀၀ | ၁၄.၀၀ | ၂၆၈.၁၀ | ၃.၁၀ | ၄.၉.၂၀၁၄ | ။ |
| ၁၈ | သဲကော | သာယာဝတီ/ လက်ပံတန်း | ၁၅၀.၀၀ | ၁၆၀.၀၀ | ၁၅၁.၇၅ | ၁၅၁.၆၀ | -၀.၁၅ | ၁.၆၀ | ၈.၄၀ | ၁၅၃.၁၅ | ၃.၁၅ | ၁၁.၉.၂၀၁၉ | ။ |
| ၁၉ | သုံးဆယ် | သာယာဝတီ/ သာယာဝတီ | ၂၃၄.၀၀ | ၂၄၆.၀၀ | ၂၃၆.၅၀ | ၂၃၆.၃၀ | -၀.၂၀ | ၂.၃၀ | ၉.၇၀ | ၂၃၆.၀၀ | ၂.၀၀ | ၃၀.၉.၂၀၂၃ | ။ |
| | | **မကွေးတိုင်းဒေသကြီး** | | | | | | | | | | | |
| ၂၀ | နတ်မောက် | မကွေး/နတ်မောက် | ၆၈၃.၀၀ | ၇၀၆.၅၀ | ၆၈၅.၀၀ | ၆၈၄.၆၀ | -၀.၄၀ | ၁.၆၀ | ၂၁.၉၀ | ၆၈၉.၅၀ | ၆.၅၀ | ၅.၁၀.၂၀၁၁ | စိုးရိမ်ရန်မရှိပါ။ |
| ၂၁ | မြစ်သာ | ဂန့်ဂေါ/ဂန့်ဂေါ | ၁၀၁၀.၀၀ | ၁၀၃၀.၀၀ | ၁၀၁၂.၆၀ | ၁၀၁၂.၃၀ | -၀.၃၀ | ၂.၃၀ | ၁၇.၇၀ | ၁၀၁၇.၇၀ | ၇.၇၀ | ၁၈.၁၀.၂၀၂၁ | ။ |
| ၂၂ | ဝန်ချောင်း(ကဗွန်းမ) | ပခုက္ကူ/ဆိပ်ဖြူ | ၄၁၀.၀၀ | ၄၂၀.၀၀ | ၄၁၀.၇၀ | ၄၁၀.၅၀ | -၀.၂၀ | ၀.၅၀ | ၉.၅၀ | ၄၁၆.၀၀ | ၆.၀၀ | ၂၃.၁၀.၂၀၁၀ | ။ |
| ၂၃ | စလင်း | မင်းဘူး/စလင်း | ၇၆၀.၀၀ | ၇၈၀.၀၀ | ၇၆၁.၇၀ | ၇၆၁.၄၀ | -၀.၃၀ | ၁.၄၀ | ၁၈.၆၀ | ၇၇၃.၆၀ | ၁၃.၆၀ | ၂၀.၁၀.၂၀၁၁ | ။ |
| ၂၄ | မုန်းချောင်း | မင်းဘူး/စေတုတ္တရာ | ၅၂၀.၀၀ | ၅၆၀.၀၀ | ၅၂၆.၂၀ | ၅၂၅.၅၀ | -၀.၇၀ | ၅.၅၀ | ၃၄.၅၀ | ၅၅၅.၈၀ | ၃၅.၈၀ | ၃၁.၇.၂၀၁၅ | ။ |
| ၂၅ | မန်းချောင်း | မင်းဘူး/ငဖဲ | ၆၂၅.၀၀ | ၆၄၀.၀၀ | ၆၂၆.၂၀ | ၆၂၆.၁၀ | -၀.၁၀ | ၁.၁၀ | ၁၃.၉၀ | ၆၃၂.၈၀ | ၇.၈၀ | ၉.၈.၁၉၉၉ | ။ |
| ၂၆ | ရင်းရှည် | မင်းဘူး/ငဖဲ | ၆၀၂.၀၀ | ၆၁၀.၀၀ | ၆၀၂.၃၀ | ၆၀၂.၂၀ | -၀.၁၀ | ၀.၂၀ | ၇.၈၀ | ၆၀၉.၁၀ | ၇.၁၀ | ၁၄.၅.၂၀၂၃ | ။ |
| ၂၇ | ကြီးအုံကြီးဝ | မင်းဘူး/ပွင့်ဖြူ | ၃၄၀.၀၀ | ၃၈၀.၅၀ | ၃၄၇.၆၀ | ၃၄၆.၅၀ | -၁.၁၀ | ၆.၅၀ | ၃၄.၀၀ | ၃၇၃.၀၀ | ၃၃.၀၀ | ၃၁.၇.၂၀၁၅ | ။ |
| ၂၈ | ဘွက်ကြီး | သရက်/အောင်လံ | ၄၂၀.၀၀ | ၄၃၈.၀၀ | ၄၂၁.၁၀ | ၄၂၀.၉၀ | -၀.၂၀ | ၀.၉၀ | ၁၇.၁၀ | ၄၂၃.၈၀ | ၃.၈၀ | ၂၉.၁၀.၂၀၁၃ | ။ |
| ၂၉ | ပဒဲ | သရက်/အောင်လံ | ၄၉၅.၀၀ | ၅၀၈.၀၀ | ၄၉၅.၃၀ | ၄၉၅.၂၀ | -၀.၁၀ | ၀.၂၀ | ၁၂.၈၀ | ၄၉၈.၀၀ | ၃.၀၀ | ၂၉.၁၀.၂၀၁၃ | ။ |
| ၃၀ | မဒေး | သရက်/ကံမ | ၄၃၄.၀၀ | ၄၅၁.၀၀ | ၄၃၅.၄၀ | ၄၃၅.၁၀ | -၀.၃၀ | ၁.၁၀ | ၁၅.၉၀ | ၄၄၀.၅၀ | ၆.၅၀ | ၁၂.၁၀.၂၀၁၅ | ။ |
| | | **မန္တလေးတိုင်းဒေသကြီး** | | | | | | | | | | | |
| ၃၁ | သစ်ဆုံ | ရမည်းသင်း/ရမည်းသင်း | ၈၄၀.၀၀ | ၈၄၇.၅၀ | ၈၄၀.၂၀ | ၈၄၀.၂၀ | ၀.၀၀ | ၀.၂၀ | ၇.၃၀ | ၈၄၁.၀၀ | ၁.၀၀ | ၁၃.၁၀.၂၀၁၇ | စိုးရိမ်ရန်မရှိပါ။ |
| ၃၂ | လဲဖြူ | ရမည်းသင်း/ရမည်းသင်း | ၇၈၈.၀၀ | ၇၉၇.၀၀ | ၇၈၈.၂၀ | ၇၈၈.၁၀ | -၀.၁၀ | ၀.၁၀ | ၈.၉၀ | ၇၉၀.၇၀ | ၂.၇၀ | ၁၉.၉.၂၀၂၂ | တမံထိပ်ရေကျော်ခဲ့သော်လည်း ထိခိုက်မှုမရှိပါ။ |
| ၃၃ | ကျောက်တစ်လုံးရေကူ | မြင်းခြံ/တောင်သာ | ၇၂၂.၀၀ | ၇၃၅.၀၀ | ၇၂၂.၄၀ | ၇၂၂.၃၀ | -၀.၁၀ | ၀.၃၀ | ၁၂.၇၀ | ၇၂၆.၈၀ | ၄.၈၀ | ၁၅.၁၀.၂၀၁၀ | စိုးရိမ်ရန်မရှိပါ။ |
| ၃၄ | ကျောက်တစ်လုံး | မြင်းခြံ/တောင်သာ | ၆၄၅.၀၀ | ၆၅၈.၀၀ | ၆၄၅.၃၀ | ၆၄၅.၂၀ | -၀.၁၀ | ၀.၂၀ | ၁၂.၈၀ | ၆၄၆.၉၀ | ၁.၉၀ | ၂၄.၁၀.၂၀၁၀ | ။ |
| ၃၅ | ပင်းချောင်း | ညောင်ဦး/ ကျောက်ပန်းတောင်း | ၇၉၀.၀၀ | ၈၀၃.၀၀ | ၇၉၀.၂၀ | ၇၉၀.၁၀ | -၀.၁၀ | ၀.၁၀ | ၁၂.၉၀ | ၇၉၂.၇၀ | ၂.၇၀ | ၂၂.၉.၂၀၀၂ | ။ |
| | | **နေပြည်တော်** | | | | | | | | | | | |
| ၃၆ | ပေါင်းလောင်း | ဥတ္တရ/ဇေယျာသီရိ | ၆၂၃.၃၉ | ၆၆၆.၀၄ | ၆၂၇.၄၂ | ၆၂၇.၃၂ | -၀.၁၀ | ၃.၉၃ | ၃၈.၇၂ | ၆၃၅.၂၆ | ၁၁.၈၇ | ၁၄.၉.၂၀၂၄ | စိုးရိမ်ရန်မရှိပါ။ |
| ၃၇ | ငလိုက် | ဥတ္တရ/ဥတ္တရသီရိ | ၅၃၅.၀၀ | ၅၅၅.၀၀ | ၅၃၅.၂၀ | ၅၃၅.၁၀ | -၀.၁၀ | ၀.၁၀ | ၁၉.၉၀ | ၅၃၇.၅၅ | ၂.၅၅ | ၁၀.၉.၂၀၀၅ | ။ |

စာမျက်နှာ ၁၇ သို့ »»

# ပင်လယ်ပြင်အတွင်း ၁၆ ရက်ခန့် မျောပါနေသော မြန်မာနိုင်ငံသား လှေလုပ်သား သုံးဦးကို ကယ်ဆယ်ရရှိ




**ရန်ကုန် စက်တင်ဘာ ၂၈**

ပင်လယ်ပြင်အတွင်း ၁၆ ရက်ခန့် မျောပါနေရာမှ ဗီယက်နမ်နိုင်ငံ အလံတင် သင်္ဘောကတွေ့ရှိ ကယ်ဆယ်ထားသော မြန်မာနိုင်ငံသား လှေလုပ်သား သုံးဦးကို မြန်မာ့ရေပိုင်နက်အတွင်း ပင်လယ်ပြင်တွင် ပြန်လည်လက်ခံနိုင်ရေးအတွက် တပ်မတော်ရေနှင့် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ဗီယက်နမ်နိုင်ငံ အလံတင်စားအုန်းဆီတင်သင်္ဘော M.T PVT NEPTUNE သည် ထိုင်းနိုင်ငံ ဖူးခက် (Phuket) ဆိပ်ကမ်းမှ အိန္ဒိယနိုင်ငံ ဟာလ်ဒီးယာ (Haldia) ဆိပ်ကမ်းသို့ သွားရောက်စဉ် မြန်မာနိုင်ငံ ရေပိုင်နက် အထူးသီးသန့်စီးပွားရေးဇုန် (EEZ)အတွင်း ကော့သောင်းမြို့ အနောက်ဘက်ရေမိုင် ၁၂၄ မိုင်ခန့် အကွာတွင် ဖော့ပြားများဖြင့် ပြုလုပ်ထားသော ဖောင်တစ်စင်းပေါ်မှ မြန်မာနိုင်ငံသား လှေလုပ်သားသုံးဦးက အကူအညီတောင်းခံလျက်ရှိသည်ကို တွေ့ရှိရသဖြင့် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၄ ရက် မြန်မာစံတော်ချိန် ၁၁ နာရီ ၁၂ မိနစ်တွင် ကယ်ဆယ်ခဲ့ပြီး ရေယာဉ်ပေါ်တွင် ကျန်းမာရေးစစ်ဆေး၍ အစားအသောက်နှင့် အဝတ်အထည်များ ပေးအပ်ကာ စောင့်ရှောက်ထားခဲ့ပြီး မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ ရေပြင်ပိုင်းဆိုင်ရာ ရှာဖွေကယ်ဆယ်ရေးကွပ်ကဲမှုဌာနချုပ် (MRCC)များထံသို့ သတင်းပေးပို့ခဲ့သည်။

အဆိုပါသတင်းအရ ကယ်ဆယ်ထားသူ သုံးဦးနှင့်ပတ်သက်၍ စစ်ဆေးမှုပြုလုပ်ရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသို့ MRCC က ဆက်သွယ်အကြောင်းကြားလာပါသဖြင့် အချိန်နှင့်တစ်ပြေးညီ M.T PVT NEPTUNE သင်္ဘောရေယာဉ်မှူးနှင့် ဆက်သွယ်မှုပြုလုပ်၍ လှေလုပ်သားများ၏ အချက်အလက်များကို တောင်းခံခြင်း၊ မြန်မာနိုင်ငံသား ဟုတ်/မဟုတ် စိစစ်အတည်ပြုခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ အထောက်အထားများအရ မြန်မာနိုင်ငံသားများဖြစ်သဖြင့် မြန်မာနိုင်ငံ ရေပိုင်နက်အတွင်း လက်ခံရယူရန် ပမ္မဝတီရေတပ်စခန်းဌာနချုပ်မှ စစ်ရေယာဉ်တစ်စင်း စေလွှတ်ကာ ဟိုင်းကြီးကျွန်းအနီး ရေပြင်တွင် စက်တင်ဘာ ၂၅ ရက် ည ၁၀ နာရီ မိနစ် ၅၀ တွင် စနစ်တကျ လွှဲပြောင်းလက်ခံရယူခဲ့သည်။

လှေလုပ်သား သုံးဦးတို့မှာ လပွတ္တာမြို့ အောင်လှိုင်ရွာမှ ကျော်ကျော် (ခ) ကျော်ကြီး (၄၁) နှစ်၊ ဖြိုးဝေ (၂၈) နှစ်နှင့် ကျော်ပိုင်ဦး (၂၈) နှစ်တို့ ဖြစ်ကြပြီး ဟိုင်းကြီးကျွန်းရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုပေး၍ နေရပ်သို့ ပြန်လည်ပို့ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၂၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Nay Lin Thu” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် ရေးမြို့နယ် အစင်ကျေးရွာနေ နေလင်းသူ(ခ)လူပျိုကြီးအား ညနေ ၅ နာရီ ၁၅ မိနစ်တွင် ရေးမြို့ မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

»»» စာမျက်နှာ ၁၆ မှ

| | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မွန်ပြည်နယ် | | | | | | | | | | |
| ၃၈ | ဝါးပါး | သထုံ/သထုံ | ၉၆.၀၀ | ၁၀၅.၅၀ | ၉၆.၃၀ | ၉၆.၅၀ | ၀.၂၀ | ၀.၅၀ | ၉.၀၀ | ၁၀၁.၇၅ | ၅.၇၅ | ၁၆.၈.၁၉၉၄ | စိုးရိမ်ရန်မရှိပါ။ |
| ၃၉ | ကဖိုင်း | သထုံ/ဘီးလင်း | ၅၈.၀၀ | ၆၈.၀၀ | ၅၈.၄၅ | ၅၈.၄၀ | -၀.၀၅ | ၀.၄၀ | ၉.၆၀ | ၆၃.၈၀ | ၅.၈၀ | ၁၄.၁၀.၂၀၀၇ | ။ |
| | | ရခိုင်ပြည်နယ် | | | | | | | | | | |
| ၄၀ | ဟင်းရွက်ချောင်း | မြောက်ဦး/အမ်း | ၉၅.၀၀ | ၁၀၅.၀၀ | ၉၆.၄၀ | ၉၆.၄၀ | ၀.၀၀ | ၁.၄၀ | ၈.၆၀ | ၉၉.၂၀ | ၄.၂၀ | ၁၅.၆.၂၀၁၈ | စိုးရိမ်ရန်မရှိပါ။ |
| | | ရန်ကုန်တိုင်းဒေသကြီး | | | | | | | | | | |
| ၄၁ | မဟူရာ(ငမိုးရိပ်)ရေကူ | လှည်းကူး/လှည်းကူး | ၂၁၆.၀၀ | ၂၂၆.၀၀ | ၂၁၇.၅၅ | ၂၁၇.၃၀ | -၀.၂၅ | ၁.၃၀ | ၈.၇၀ | ၂၂၁.၄၀ | ၅.၄၀ | ၉.၁၀.၂၀၂၃ | စိုးရိမ်ရန်မရှိပါ။ |
| ၄၂ | ငမိုးရိပ် | လှည်းကူး/လှည်းကူး | ၁၀၇.၀၀ | ၁၂၀.၀၀ | ၁၀၉.၅၀ | ၁၀၉.၃၅ | -၀.၁၅ | ၂.၃၅ | ၁၀.၆၅ | ၁၁၃.၁၅ | ၆.၁၅ | ၉.၁၀.၂၀၂၃ | ။ |
| ၄၃ | တဘူးလှ | တိုက်ကြီး/တိုက်ကြီး | ၁၉၅.၀၀ | ၂၀၅.၀၀ | ၁၉၆.၆၀ | ၁၉၆.၅၀ | -၀.၁၀ | ၁.၅၀ | ၈.၅၀ | ၁၉၇.၇၀ | ၂.၇၀ | ၉.၁၀.၂၀၂၃ | ။ |
| | | ရှမ်းပြည်နယ်(တောင်ပိုင်း) | | | | | | | | | | |
| ၄၄ | ဇော်ဂျီ | တောင်ကြီး/ရပ်စောက် | ၁၂၂၅.၀၀ | ၁၂၄၀.၀၀ | ၁၂၂၆.၉၀ | ၁၂၂၇.၃၀ | ၀.၄၀ | ၂.၃၀ | ၁၂.၇၀ | ၁၂၂၉.၈၀ | ၄.၈၀ | ၁၂.၁၀.၂၀၀၆ | စိုးရိမ်ရန်မရှိပါ။ |
| ၄၅ | မြို့ကြီး | တောင်ကြီး/ရှာင် | ၆၈၉.၀၀ | ၇၁၄.၀၀ | ၆၉၂.၇၀ | ၆၉၂.၅၅ | -၀.၁၅ | ၃.၅၅ | ၂၁.၄၅ | ၆၉၇.၁၀ | ၈.၁၀ | ၁၀.၉.၂၀၂၄ | ။ |
| | | ရှမ်းပြည်နယ်(မြောက်ပိုင်း) | | | | | | | | | | |
| ၄၆ | မုံးရင် | ကျောက်မဲ/နမ္မတူ | ၁၉၇၅.၀၀ | ၁၉၈၉.၀၀ | ၁၉၇၅.၅၀ | ၁၉၇၅.၅၀ | ၀.၀၀ | ၀.၅၀ | ၁၃.၅၀ | ၁၉၇၉.၆၀ | ၄.၆၀ | ၁၃.၁၀.၂၀၂၃ | စိုးရိမ်ရန်မရှိပါ။ |
| | | ရောဝတီတိုင်းဒေသကြီး | | | | | | | | | | |
| ၄၇ | ကွန်ချောင်း | ဟသ်ာတ/ကြံခင်း | ၂၇၇.၀၀ | ၂၈၇.၀၀ | ၂၇၈.၀၀ | ၂၇၇.၉၀ | -၀.၁၀ | ၀.၉၀ | ၉.၁၀ | ၂၈၁.၂၀ | ၄.၂၀ | ၂၁.၈.၂၀၁၃ | စိုးရိမ်ရန်မရှိပါ။ |
| ၄၈ | မမြ | ဟသ်ာတ/မြန်အောင် | ၃၁၅.၀၀ | ၃၃၀.၀၀ | ၃၁၆.၇၀ | ၃၁၆.၅၀ | -၀.၂၀ | ၁.၅၀ | ၁၃.၅၀ | ၃၂၀.၅၀ | ၅.၅၀ | ၁၅.၆.၂၀၁၈ | ။ |
| ၄၉ | နန်ကသူ | ဟသ်ာတ/အင်္ဂပူ | ၂၆၀.၀၀ | ၂၇၅.၀၀ | ၂၆၂.၅၀ | ၂၆၁.၇၀ | -၀.၈၀ | ၁.၇၀ | ၁၃.၃၀ | ၂၇၀.၁၀ | ၁၀.၁၀ | ၉.၇.၂၀၀၆ | ။ |
| ၅၀ | ကညင် | ဟသ်ာတ/အင်္ဂပူ | ၂၈၈.၀၀ | ၃၀၈.၀၀ | ၂၉၀.၅၀ | ၂၈၉.၇၀ | -၀.၈၀ | ၁.၇၀ | ၁၈.၃၀ | ၂၉၈.၉၀ | ၁၀.၉၀ | ၁၁.၆.၂၀၁၈ | ။ |
| | | ရှမ်းပြည်နယ်(တောင်ပိုင်း) | | | | | | | | | | |
| ၁ | အင်းလေးကန် | တောင်ကြီး/ညောင်ရွှေ | ၂၉၀၅.၀၀ | ၂၉၀၅.၀၀ | ၂၉၀၇.၂၀ | ၂၉၀၇.၁၀ | -၀.၁၀ | ၂.၁၀ | -၂.၁၀ | - | - | - | စိုးရိမ်ရန်မရှိပါ။ |

ရေကျော်ရေလှောင်တမံ(၅၀)ခုနှင့် ကန်(၁)ခု၊ စုစုပေါင်း (၅၁)ခု ဖြစ်ပါသည်။

ယခင်နေ့ နံနက် (၀၆:၀၀) နာရီ၏ ရေကျော်ရေလှောင်တမံ (၅၂)ခုထက် ဘောနီနှင့် ပုလင်းရေလှောင်တမံ(၂)ခု လျော့နည်းခြင်းဖြစ်ပါသည်။

# သန်းခေါင်စာရင်းကောက်ယူနိုင်ရေး မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက် သင်တန်းဆင်းပွဲများ ကျင်းပ


လှည်းကူးမြို့နယ် မြို့နယ်(ပြန်/ဆက်)


ထားဝယ်မြို့ တိုင်းဒေသကြီး(ပြန်/ဆက်)


ဓနုဖြူမြို့နယ် အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)


ရွှေပြည်သာမြို့နယ် မြို့နယ်(ပြန်/ဆက်)


တိုက်ကြီးမြို့နယ် မြို့နယ်(ပြန်/ဆက်)


မင်္ဂလာတောင်ညွန့်မြို့နယ် ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)


တောင်ဥက္ကလာပမြို့နယ် မြို့နယ်(ပြန်/ဆက်)


အောင်မြေသာစံမြို့နယ် မြို့နယ်(ပြန်/ဆက်)


ကလေးဝမြို့နယ် မြို့နယ်(ပြန်/ဆက်)


ဒလမြို့နယ် ခင်စန္ဒာမြင့်(ပြန်/ဆက်)


မှော်ဘီမြို့နယ် ဝင်းဇော်(မှော်ဘီ)


တွံတေးမြို့နယ် တွံတေးသား


ပန်းဘဲတန်းမြို့နယ် ဥမ္မာကျော်(ပြန်/ဆက်)


ဗဟန်းမြို့နယ် အောင်မြင့်(ပြန်/ဆက်)


ဗိုလ်တထောင်မြို့နယ် အောင်ကျော်(ပြန်/ဆက်)

# သန်းခေါင်စာရင်းကောက်ယူနိုင်ရေး မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက် သင်တန်းဆင်းပွဲများ ကျင်းပ


မအူပင်မြို့နယ် အောင်မြင့်မြတ်(ပြန်/ဆက်)


လမ်းမတော်မြို့နယ် ကျော်ဆန်းမြင့်(ပြန်/ဆက်)


ငပုတောမြို့နယ် မြို့နယ်(ပြန်/ဆက်)


ကျိုက်လတ်မြို့နယ် မြို့နယ်(ပြန်/ဆက်)


အင်္ဂပူမြို့နယ် မြို့နယ်(ပြန်/ဆက်)


ကန်ကြီးထောင့်မြို့နယ် မြို့နယ်(ပြန်/ဆက်)


ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ဖြိုးစန္ဒာ(ပြန်/ဆက်)


ကွမ်းခြံကုန်းမြို့နယ် ဆွေနွယ်(ပြန်/ဆက်)


ကျောက်တန်းမြို့နယ် သန့်ဇင်ထွန်း(ကျောက်တန်း)


သုံးခွမြို့နယ် စည်သူလင်း(ပြန်/ဆက်)


ပြည်မြို့နယ် ကိုဆက်(ပြန်/ဆက်)

❖ ကျောဖုံးမှ

ယခုပွဲအတွက် အကောင်းဆုံးဆုကို ရှမ်းယူနိုက်တက်အသင်းမှ မျိုးခိုင်က ရရှိသည်။ ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် ရောဝတီယူနိုက်တက်အသင်းနှင့် မြဝတီအသင်း တစ်ဂိုးစီ သရေကျခဲ့သည်။ ၅၇ မိနစ်တွင် မင်းမင်းခန့်က ပင်နယ်တီမှတစ်ဆင့် မြဝတီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း ၇၈ မိနစ်တွင် အောင်ကောင်းခန့်က ရောဝတီအသင်းအတွက် ချေပဂိုးသွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရောဝတီအသင်းမှ အောင်ကောင်းခန့်က ရရှိသည်။ ယခုပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၁၅ ပွဲကစား ၃၅ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး ရောဝတီအသင်းက ၁၅ ပွဲကစား ရမှတ် ၂၀၊ မြဝတီအသင်းက ၁၅ ပွဲကစား ၁၃ မှတ်၊ မဟာယူနိုက်တက်အသင်းက ၁၅ ပွဲကစား ခုနစ်မှတ် ရရှိထားသည်။

ပွဲစဉ် (၁၆) ဒုတိယနေ့ကို စက်တင်ဘာ ၂၉ ရက်တွင် ဗဟန်းမြက်ခင်းတုကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရတနာပုံအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း–ကိုညီလေး**

**ဓာတ်ပုံ–MNL**

❍ ဦးဆောင်ဂိုးမှ

ဂျော်ဒန်ရဲ့ ပင်နယ်တီသွင်းဂိုး ရရှိခဲ့လို့ တစ်ဖက်တစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ နှစ်သင်းစလုံးဟာ အနိုင်ဂိုးတွေ ရရှိဖို့ အခွင့်အရေးတွေ ရှိခဲ့ပေမယ့် ဂိုးသမားတွေရဲ့ လက်စွမ်းပြကစားနိုင်မှုကြောင့်သာ သရေရလဒ်နဲ့ ပွဲပြီးဆုံးခဲ့တာဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ အခုပွဲစဉ်မှာ သရေတစ်မှတ်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယား ဒုတိယနေရာနဲ့ တတိယနေရာတို့မှာ ရပ်တည်နေတဲ့ လီဗာပူးအသင်း၊ အက်စ်တွန်ဗီလာအသင်းတို့ ပရီမီယာလိဂ်ပွဲစဉ် (၆) ယှဉ်ပြိုင်ကစားရခြင်း မရှိသေးမီ ရမှတ်စုစုပေါင်း ၁၄ မှတ်နဲ့ အမှတ်ပေးဇယားထိပ်ဆုံးမှာ ယာယီဦးဆောင်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

နယူးကာဆယ် အသင်းကတော့ အန်တိုနီဂျော်ဒန်ရဲ့ သွင်းဂိုးနဲ့ မန်စီးတီးအသင်းကို သရေရလဒ်ထွက်ပေါ်အောင် ကစားနိုင်ခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ် (၆) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၁၁ မှတ်အထိ စုဆောင်းနိုင်ခဲ့ပြီး ပရီမီယာလိဂ်အမှတ်ပေးဇယားအဆင့် ၅ နေရာမှာ ယာယီရပ်တည်ခွင့်ရရှိထားတာ ဖြစ်ပါတယ်။

**ငွေကြယ်**

# (၁၈)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အခမ်းအနား ကျင်းပ




နေပြည်တော် စက်တင်ဘာ ၂၈

(၁၈)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ "World Rabies Day" အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ သစ်တောဦးစီးဌာန၊ မွေးမြူရေးသုတေသနဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီ၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့မှတာဝန်ရှိသူများ၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက ယခု ၂၀၂၄ ခုနှစ် World Rabies Day ၏ဆောင်ပုဒ်သည် "Breaking Rabies Boundaries" "အတားအဆီးများကိုကျော်လွှန်မှ ခွေးရူးရောဂါကင်းစင်ပ ခြေလှမ်းတိုင်းမှာပါဝင်ကြ" ဖြစ်ကြောင်း၊ လှုပ်ရှားမှုများအဖြစ် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ခွေးများကိုကာကွယ်ဆေးထိုးနှံခြင်းဖြင့် ခွေးရူးရောဂါဖယ်ရှားသွားနိုင်ရန် ဆောင်ရွက်ရာတွင် တစ်ခုတည်းသော ကျန်းမာရေးအသိအမြင်ဖြင့် သက်ဆိုင်သူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ရည်ရွယ်သတ်မှတ်ခြင်းဖြစ်ကြောင်း။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ ကမ္ဘာပေါ်တွင် ၁၅ မိနစ်လျှင် လူတစ်ဦးကျ ခွေးရူးရောဂါဖြစ်ပွား၍ အသက်ဆုံးရှုံးလျက်ရှိပြီး တစ်နှစ်လျှင် လူဦးရေ ၅၅၀၀၀ မှ ၇၀၀၀၀ ခန့် ခွေးရူးရောဂါဖြင့် သေဆုံးလျက်ရှိရာမှ ၂၀၃၀ ပြည့်နှစ်တွင် ခွေးရူးရောဂါကူးစက်ခံရမှုကြောင့် လူသေဆုံးမှု "သုည" အထိ လျှော့ချနိုင်ရေး Zero Rabies Human Death by 2030 အတွက် ဆောင်ရွက်သွားကြရန် နိုင်ငံအသီးသီးကို တိုက်တွန်းကြောင်း။

မြန်မာနိုင်ငံတွင်လည်း ခွေးရူးရောဂါကူးစက်မှုများ ဖြစ်ပွားလျက်ရှိသည့် နိုင်ငံတစ်ခုဖြစ်သည့်အတွက် ခွေးရူးရောဂါကူးစက်ဖြစ်ပွားမှု လျော့နည်းလာပြီး ၂၀၃၀ ပြည့်နှစ်တွင် ခွေးရူးရောဂါ ပျောက်ကွယ်သွားအောင် ဆောင်ရွက်သွားရန် လိုအပ်သည့်အတွက် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာတာဝန်ရှိသူများက ခွေးရူးရောဂါကင်းစင်ရေးနှင့် တိုက်ဖျက်ရေးဆိုင်ရာများကို အသိပညာပေးဟောပြောကြပြီး ဒုတိယဝန်ကြီးက စာရေးဆရာမောင်အောင် ရေးသားပြုစုထားသည့် သုတရသစာအုပ်များကို ကျောင်းစာကြည့်တိုက်အတွက် ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ခွေးရူးရောဂါကာကွယ်ဆေး ထိုးနှံပေးနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါအခမ်းအနားများကို ပျဉ်းမနား အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းနှင့် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်းများတွင် တစ်ချိန်တည်းကျင်းပကြကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ငါးလုပ်ငန်းဦးစီးဌာန ရေဆင်းငါးစခန်းအတွင်း တင်ကျန်ခဲ့သည့်နုန်းများဖယ်ရှားရှင်းလင်းနေမှု၊ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မျိုးငါးကန်နုန်းရေထုတ်ခြင်း၊ GAqP ငါးကန်များ ရေသန့်စင်နေခြင်းတို့ကို လည်းကောင်း၊ သပြေပင်ကျေးရွာ၌ ကျွဲ၊ နွား ၂၂ ကောင်ကို လည်ချောင်းကွဲရောဂါကာကွယ်ဆေးနှင့် အားဆေးများ ကွင်းဆင်းထိုးနှံနေမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တင်ပြမှုများအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်




# ပြည်ကြီးတံခွန်မြို့နယ်၌ မြို့နယ်အဆင့် စာရင်းစစ် / စာရင်းကောက် သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

မန္တလေး စက်တင်ဘာ ၂၈

ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၈၂)ရပ်ကွက် အထက(၂၇) အောင်တံခွန်ခန်းမ၌ ယနေ့နံနက်ပိုင်းက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း မြို့နယ်အဆင့် စာရင်းစစ်/စာရင်းကောက်သင်တန်းဆင်းပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ယာယီဥက္ကဋ္ဌ ဗိုလ်မှူးဝင်းအောင်မျိုးနှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေဖြိုးဦးတို့က သင်တန်းဆင်းအမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကျော်ဆန်းက သန်းခေါင်စာရင်းဆိုင်ရာ၊ လုံခြုံရေးဆိုင်ရာ စီစဉ်ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး၊ မြို့နယ်လဝကဦးစီးမှူး ဦးအောင်သွင်က သင်တန်းဆင်းစာရင်းစစ်/စာရင်းကောက်များအား သက်ဆိုင်ရာရပ်ကွက်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌများနှင့် ချိတ်ဆက်တွေ့ဆုံစေပြီး သန်းခေါင်စာရင်းကောက်ယူခြင်းကို ရပ်ကွက်အုပ်ချုပ်ရေးမှူးမှစ၍ အုပ်ချုပ်ရေးအဖွဲ့ဝင်များက လိုအပ်သည်များ ပံ့ပိုးကူညီကြရေး ရှင်းလင်းဆွေးနွေးခဲ့သည်။ ဆက်လက်၍ စာရင်းစစ်၊ စာရင်းကောက်သင်တန်းတက်ရောက်ခဲ့သည့် ဆရာ ဆရာမ၊ စိတ်ပါဝင်စားသူများအား စာရင်းစစ်၊ စာရင်းကောက် လက်မှတ်များပေးအပ်ခဲ့သည်။

ထို့နောက် သင်တန်းသား သင်တန်းသူများက (၈၂)ရပ်ကွက် ၁၃၄-၁၃၅ လမ်းကြား၊ ၆၀-၆၂ လမ်းကြားရှိ အကွက် ပပ-၁၀၊ ပပ-၁၁ ရှိ နေအိမ် ၅၂ အိမ်အား သင်တန်းလေ့ကျင့်ရေးအဖြစ် သန်းခေါင်စာရင်းစမ်းသပ်ကောက်ယူခဲ့ရာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင်များက ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

၂၂၂

# ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးရှိ လမ်းအသုံးပြုခကောက်ခံနေသည့် တိုးဂိတ်များနှင့် ပဲခူးမြစ်ကူးတံတားရှိ တိုးဂိတ်၌ QR Code System ဖြင့် ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၂၈

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ်-၃)ရှိ တိုးဂိတ်တွင် လမ်းအသုံးပြုခကောက်ခံနေမှုနှင့် QR Code System တပ်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာနများမှ ဒုတိယညွှန်ကြားရေးမှူး ချုပ်များ၊ အင်ဂျင်နီယာချုပ်နှင့် တိုးဂိတ်တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ်-၃)အနီးရှိ PMU ရုံးအစည်းအဝေးခန်းမ၌ QR Payment ဖြင့် ယာဉ်များလွယ်ကူချောမွေ့စွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက် တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ တံတားဖြတ်သန်းခကောက်ခံခြင်းအတွက် QR Code System တပ်ဆင်ရခြင်းသည် ယာဉ်များ လွယ်ကူချောမွေ့စွာ ဖြတ်သန်း သွားလာနိုင်ရေး၊ ငွေကြေးလေလွင့်မှုမရှိစေရေးနှင့် တံတားဖြတ်သန်းခ ကောက်ခံရရှိငွေ အပြည့်အဝရရှိရေးအတွက် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ QR Code System Error ဖြစ်လာပါက ဖြေရှင်းရမည့် နည်းလမ်းများ ကြိုတင်စဉ်းစားထားရန်မှာကြားသည်။

ယင်းနောက် Toll Tech Co.,Ltd. မှ တာဝန်ရှိသူတစ်ဦးက QR Code ကို သတ်မှတ်ကာလအတွင်း တပ်ဆင်နိုင်ရေး စီမံဆောင်ရွက်ထားမှုနှင့် QR Payment ကျယ်ပြန့်စွာ အသုံးပြုနိုင်ရန် ဘဏ်များဖြင့် ချိတ်ဆက်စီစဉ်ထားမှုတို့ကို ဆွေးနွေးတင်ပြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းအောင်မြင် ပြီးစီးစေရေး အကြံပြုဆွေးနွေးကြသည်။

ယမန်နေ့ ညနေပိုင်းကလည်း ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန် လမ်းပိုင်း)တစ်လျှောက်ရှိ တိုးဂိတ်များဖြစ်ကြသည့် စီလမ်းဆုံ တိုးဂိတ်၊ ဖြူးတိုးဂိတ်နှင့် အမှတ်(၃)လမ်းဆုံ တိုးဂိတ်များတွင် Computer စနစ်ဖြင့် လမ်းအသုံးပြုခ ကောက်ခံနေမှု၊ CCTV တပ်ဆင်ဆောင်ရွက်ထားရှိမှု၊ ရေ၊ မီးရရှိမှုနှင့် ဆိုလာစနစ်ဖြင့် စတင် တပ်ဆင်အသုံးပြုနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက တိုးဂိတ်များ၌ လမ်းအသုံးပြုခ ကောက်ခံရာတွင် ယာဉ်စာရင်းအရေအတွက်နှင့် ကောက်ခံရရှိငွေ မှန်ကန်စွာ စာရင်းရေးသွင်းရေး၊ တိုးဂိတ်များအားလုံးရှိ CCTV များ ပျက်စီးချို့ယွင်းမှုမရှိစေရေး၊ ကောက်ခံရရှိငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ တိုးဂိတ်ပတ်ဝန်းကျင် သန့်ရှင်း၊ သပ်ရပ်ပြီး ဥပမိရုပ်ကောင်းမွန်စေရေး၊ ကောက်ခံရရှိမှု စာရင်းဇယားများရေးသွင်းရာတွင် ရုံးချုပ်မှသတ်မှတ်ထားသည့်ပုံစံအတိုင်း လိုက်နာဆောင်ရွက်ရေး တာဝန်ရှိသူများက အလေးထားကြပ်မတ် ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက သနပ်ပင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကျော်ကျော်၊ ဒုတိယရဲမှူးအေးသွင်တို့ ဦးစီး၍ တပ်ဖွဲ့ဝင်နှင့် မိသားစုဝင်များက မြို့နယ်ပြည်သူ့ဆေးရုံ၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်စဉ်။

မြို့နယ်(ပြန်/ဆက်)

# ဒုတိယဝန်ကြီး ဦးအေးထွန်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သာသနိကအဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှုနှင့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



ရန်ကုန် စက်တင်ဘာ ၂၈

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေတောင်ကြား ၂ ရပ်ကွက် အင်းယားမြိုင်လမ်း အလယ်တောရစံပြ စာသင်တိုက်အတွင်းရှိ တက်လမ်းဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သော နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ပိုင်အဖြစ် ဗုဒ္ဓဘာသာဝင် ခုနစ်ရက် သားသမီးများ စုပေါင်းလှူဒါန်းထားသည့် ဓမ္မဝိဇယသာသနာ့ဗိမာန်တော်ကြီး RC လေးထပ် အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)ပရိဝုဏ်အတွင်းရှိ ဆဋ္ဌသင်္ဂါယနာသမိုင်းဝင် သိမ်တော်ကြီးသို့ ရောက်ရှိပြီး အဆောက်အအုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုကို လည်းကောင်း၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) ဝင်း အုတ်ခြံစည်းရိုးတည်ဆောက်ခြင်းနှင့် ဂိတ်တံခါး တပ်ဆင်နေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ခြံစည်းရိုးမျက်နှာစာရှိ မြေယာရှုခင်းများသန့်ရှင်းသပ်ရပ်စွာ ဆောင်ရွက်ထားရှိရေး မှာကြားသည်။

**ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်**

ယင်းနောက် ဒုတိယဝန်ကြီးသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဝိဇ္ဇာလယကျောင်းဆောင် Steel Frame အသစ်လဲလှယ်ခြင်း၊ အမိုးမျက်နှာကြက်ပြုပြင်ခြင်းတို့တွင် အသုံးပြုဆောင်ရွက်မည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ စုဆောင်းထားရှိမှုနှင့် လျှပ်စစ်မီးကြိုးအသစ် သွယ်တန်းထားရှိသည့် ထရန်စဖော်မာတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းသုံးပစ္စည်းများ အရည်အသွေးပြည့်မီရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် ကုသိုလ်စိတ်ထား၍ စေတနာသဒ္ဓါထက်သန်စွာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရန် မှာကြားသည်။

သတင်းစဉ်

# ကဝမြို့၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

ကဝ စက်တင်ဘာ ၂၈

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့ နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း(ကဝ)၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မှခ်ဦးအား လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်၊ ပဲခူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ခေတ္တ) ခရိုင်အုပ်ချုပ်ရေးမှူး ဦးစောညီညီထွေး၊ ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးပိုင်၊ ပဲခူးတိုင်းဒေသကြီး အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးငွေဝင်းအောင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



ထို့နောက် တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကဝမြို့နယ်အတွင်းရှိ ကျောင်းစာကြည့်တိုက်များ အတွက် စာအုပ်များ လှူဒါန်းပေးကာ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် စာပေဟောပြောဆွေးနွေးသည့် စာပေပညာရှင် စာရေးဆရာနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး ကျပန်းစကားပြောနှင့် ပုံပြင်ပြောပြိုင်ပွဲဝင် ကျောင်းသူနှစ်ဦး၏ သရုပ်ပြတင်ဆက်မှုကို ကြည့်ရှုအားပေးသည်။ ထို့နောက် လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များ၊ လူငယ်ရေးရာအသိပညာပေးနံရံကပ်စာစောင်များ၊ လှပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြဘုတ်များ၊ ကလေးများအားဘုတ်ပြား ပြဇာတ်၊ စက္ကူပြဇာတ်သရုပ်ပြမှုနှင့် ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ဂိမ်းကစားနေမှုများကို လှည့်လည် ကြည့်ရှုအားပေးကာ လက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ စာရေးဆရာနန္ဒာမိုးမြေ (မင်္ဂလာမောင်မယ် အယ်ဒီတာချုပ်)က "စာဖတ်ရှိန်မြှင့်မားရေးနှင့် အောင်ချက်မြင့်မားရေး" ခေါင်းစဉ်ဖြင့် ဟောပြောပြီး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူ ၂၁ ဦးတို့အား ဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြော

တောင်ကြီး စက်တင်ဘာ ၂၈

ရှမ်းပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက (၁၈)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ်(၁) စိုက်မွေးအထက်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

**ရှင်းလင်းဆွေးနွေး**

ဦးစွာ ပြည်နယ်ဦးစီးမှူး ဒေါက်တာဝင်းဇင်မောင်က အမှာစကားပြောကြားကာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာအောင်မင်းထွန်းက တိရစ္ဆာန်များတွင် ခွေးရူးရောဂါနှင့်ပတ်သက်၍ လည်းကောင်း၊ အေးသာယာမြို့ တိုက်နယ်ဆရာဝန် ဒေါက်တာခွန်ကျော်လင်းက ခွေးရူးပြန်ရောဂါနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများက အေးသာယာမြို့ အုပ်ချုပ်ရေးမှူးရုံးဝင်းတွင် ရှမ်းပြည်နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ စီစဉ်ပေးမှုဖြင့် Zoetis Rabies killed Vaccine ဆေးအဆ ၁၀၀ အား အိမ်မွေးခွေးကြောင်များကို အခမဲ့ထိုးနှံပေးခြင်း အစီအစဉ်ကို အားပေးကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်





နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိတ္ထီလာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးကျော်ဇေယျ၊ မိတ္ထီလာခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးမင်း၊ မိတ္ထီလာမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေး၊ ဆေးရုံအုပ်ကြီး ဒေါက်တာ ဝင်းမင်းသီရိ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်မြင့်သန်းတို့၏ အနီးကပ်ကြီးကြပ်ကွပ်ကဲ၍ ခရိုင်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၉၆)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ (မိတ္ထီလာ)မှ ရဲအုပ် ဇေယျာကိုကိုကျော်နှင့် တပ်ဖွဲ့ဝင်များ၊ လူကုန်ကူးမှုတိုက်ဖျက်ရေးရဲတပ်ဖွဲ့ခွဲ(မိတ္ထီလာ)မှ ဒုရဲမှူး သက်ထွန်းအောင်နှင့် တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၂၈ ရက်တွင် ပေါက်ချောင်းရပ်ကွက်ရှိ ခုတင် ၂၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် မုဒုံမြို့နယ်တွင် စက်တင်ဘာ ၂၈ ရက် နံနက် ၇ နာရီက မုဒုံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်ဇော်ဝင်း၊ မြို့မရဲစခန်းမှ ဒုရဲမှူး ဝင်းထွဋ်အောင်နှင့် တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင် မိသားစုများက မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးပြုလုပ်စဉ်။

အောင်မျိုးသူ(ပြန်/ဆက်)




**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့်နေရာများတွင် လိုအပ်သည့်သန့်ရှင်းရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း



နေပြည်တော် စက်တင်ဘာ ၂၈

နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်တွင် လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်နှင့် ဟိုပုံးမြို့နယ်တို့တွင် လည်းကောင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့တို့တွင် လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင် လည်းကောင်း ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများအပေါ်နှင့် ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့် နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်း အပါအဝင် အခြားလိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍တက်ကြွစွာဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများတွင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရော ပေးအပ်လှူဒါန်းခြင်းနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့အပြင် ရေကြီးမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း/တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည်ကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပျက်စီးခဲ့သည့် လမ်း/တံတားများကိုယာယီသံပေါင်ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံးပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံးဆက်လက် ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



## မောက်မယ်မြို့နယ်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

မောက်မယ် စက်တင်ဘာ ၂၈

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်ရဲတပ်ဖွဲ့က ပြည်သူ့အကျိုးပြုလုပ်ငန်း သန့်ရှင်းရေးပြုလုပ်ခြင်းကို ယမန်နေ့က မြို့သမိုင်းဝင် နန်းဖတ်ခုမ်စေတီတော်ဘုန်းကြီးကျောင်းဝင်း အတွင်း/အပြင်၌ ဆောင်ရွက်ကြသည်။

ထို့နောက် ခရိုင်မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းထွန်းနှင့် မြို့မစခန်းမှူး ဒုတိယရဲမှူးသန့်ဇင်တို့ ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက ပြည်သူ့ဆေးရုံတွင် စုပေါင်းသွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။ **စိုင်းမျိုးသန့်(မောက်မယ်)**

## ဇီးကုန်းမြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူရေး သင်တန်းတက်ရောက်နေသူများ လက်တွေ့စမ်းသပ် ကွင်းဆင်းကောက်ယူ

ဇီးကုန်း စက်တင်ဘာ ၂၈

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် အထက(ဇီးကုန်း)၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေး မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက် သင်တန်းကို စက်တင်ဘာ ၁၇ ရက်တွင် စတင်ဖွင့်လှစ်၍ စာတွေ့၊ လက်တွေ့ပို့ချခဲ့ရာ ယမန်နေ့နံနက် ၉ နာရီက လက်တွေ့ သင်ခန်းစာအဖြစ် သင်တန်းတက်ရောက်နေသူ ၇၃ ဦးကို သင်တန်းနည်းပြ ခုနစ်ဦးတို့က ကြီးကြပ်၍ မြို့ပေါ်ရပ်ကွက်များသို့ လက်တွေ့ကွင်းဆင်း၍ စမ်းသပ်ကောက်ယူခဲ့သည်။



အဆိုပါ လက်တွေ့စမ်းသပ်ကွင်းဆင်း ကောက်ယူရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်အောင်နှင့် အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး ဦးစီးအရာရှိ ဦးထွန်းအေးနှင့် ဝန်ထမ်းများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❒

## သဲကုန်းမြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်း မြို့နယ်အဆင့် နည်းပြသင်တန်းသား သင်တန်းသူများ လက်တွေ့ကွင်းဆင်းကောက်ယူ

သဲကုန်း စက်တင်ဘာ ၂၈

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူနိုင်ရေးအတွက် မြို့နယ်အဆင့် နည်းပြသင်တန်းကို သင်တန်းသား သင်တန်းသူ ၁၃၈ ဦးတို့အား သင်တန်းနည်းပြ ရှစ်ဦးဖြင့် စက်တင်ဘာ ၁၇ရက်မှ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိရာ ယမန်နေ့က သဲကုန်းမြို့နယ် ရပ်ကွက်(၁) နှင့်အင်းမမြို့ သီရိကန်သာရပ်ကွက်တို့တွင် နည်းပြသင်တန်းသား သင်တန်းသူများက လက်တွေ့ကွင်းဆင်းကောက်ယူကြသည်။



ထိုသို့ ကွင်းဆင်းကောက်ယူရာသို့ မြို့နယ်သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးယဉ်ထွေးနှင့် မြို့နယ်သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၇ ရက်က လွိုင်ကော်မြို့ ခုတင်(၅၀၀)ဆံ့ ပြည်နယ်ပြည်သူ့ဆေးရုံကြီး၌ ကယားပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းရာ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမောင်မောင်ဦးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထင်အောင်လင်းတို့က ကြည့်ရှုအားပေးစဉ်။

မြို့နယ်(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ပြည်သူ့ဆေးရုံကြီး သန့်ရှင်းသာယာလှပရေးအတွက် စက်တင်ဘာ ၂၈ ရက်နံနက် ၇ နာရီက ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်း ဦးဆောင်မှုဖြင့် တပ်ဖွဲ့ဝင် ၂၅ ဦးတို့က သန့်ရှင်းရေးဆောင်ရွက်စဉ်။

ခရိုင်မီးသတ်

## စစ်တောင်းမြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် စက်တင်ဘာ ၂၈

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ဆည်)၌ ရေဘေးသင့်ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးထောက်ပံ့

**နေပြည်တော် စက်တင်ဘာ ၂၈**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျသည် ယမန်နေ့ညနေပိုင်းက ကျောက်ဆည်မြို့ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်)၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် လည်းကောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းတို့မှ ရေဘေးသင့်ဝန်ထမ်းများနှင့် လည်းကောင်း၊ ဇီဝနည်းပညာသုတေသနဦးစီးဌာန၌ အဆိုပါ ဦးစီးဌာနမှ ဝန်ထမ်းများနှင့် လည်းကောင်း သီးခြားစီ တွေ့ဆုံ၍ ရေဘေးသင့်ဝန်ထမ်းများအတွက် ဆန်အိတ်နှင့် ထောက်ပံ့ငွေများကို ပေးအပ်ပြီး ဝန်ထမ်းများ၏ တင်ပြမှုများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဇီဝနည်းပညာ သုတေသနဦးစီးဌာန၌ ဆေးပညာဆိုင်ရာ ဇီဝနည်းပညာဌာနရှိ ဆေးပညာဆိုင်ရာ ဓာတ်ခွဲခန်းကို Biosafety Level 2 အထိ အဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးမှု၊ စိုက်ပျိုးရေးလုပ်ငန်းများ အထောက်အကူပြု ဇီဝနည်းပညာ သုတေသနရလဒ်များ၊ တန်ဖိုးမြှင့် ဒေသထုတ်ကုန်များ စမ်းသပ်ထုတ်လုပ်ထားမှု၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများမှ ရလဒ်များကို ကြည့်ရှုစစ်ဆေးကာ အမျိုးသားရေးရည်မှန်းချက်များ အောင်မြင်ပြည့်မီစေရေး တစ်တပ်တစ်အားဖြစ်စေမည့် နိုင်ငံ့အကျိုးပြု ဇီဝနည်းပညာသုတေသနများဖြင့် ရှင်သန်သက်ဝင်နေသော ရပ်ဝန်းတစ်ခုဖြစ်စေရေး ရည်မှန်းဆောင်ရွက်ရန်၊ သုတေသနရလဒ်များမှ အသီးအပွင့်များကို ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးအတွက် လက်တွေ့ကျကျ အသုံးချနိုင်ရေး ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားရန်၊ ဇီဝနည်းပညာ အသိပညာပေးမှုများ၊ ဖြန့်ဝေပေးမှုများကို ကျယ်ပြန့်စွာ မြှင့်တင်ဆောင်ရွက်ရန် တိုက်တွန်းမှာကြားပြီး ရေကြီးရေလျှံဖြစ်ပေါ်ခဲ့မှုကြောင့် ပြန်လည်ပြုပြင်မွမ်းမံရေး ဆောင်ရွက်ရန်လိုအပ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**



## သထုံမြို့လုံးဆိုင်ရာ ပရိယတ္တိဓမ္မပူဇာ ဆွမ်းဆန်တော်၊ ဆီနှင့် နဝကမ္မလှူဖွယ်များ ဆက်ကပ်လှူဒါန်း

**သထုံ စက်တင်ဘာ ၂၈**

မွန်ပြည်နယ် သထုံမြို့နယ်၌ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာရှင်ပြည်သူများ စုပေါင်း၍ မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်ကြီးများ၌ သီတင်းသုံး နေထိုင်ကြသော ပရိယတ္တိဝန်ဆောင် သံဃာတော်အရှင်မြတ်များထံ ပရိယတ္တိဓမ္မပူဇာ ဆွမ်းဆန်တော်၊ ဆီနှင့် နဝကမ္မလှူဖွယ်များ ဆက်ကပ်လှူဒါန်းခြင်း အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက ရွှေစာရံစေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်ရှိ သုဝဏ္ဏဘူမိ သာသနဗိမာန်တော်၌ ကျင်းပသည်။

ဦးစွာ သထုံမြို့ သုဝဏ္ဏမေဒနီကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တ ဉာဏိဏ္ဏာထံမှ တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့က သီလခံယူဆောက်တည်ကြပြီး သထုံတပ်နယ်မှူး ဗိုလ်မှူးကြီး အောင်အောင်ဟိန်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲနိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းနှင့် အဖွဲ့ဝင်များ၊ တက်ရောက်လာသူများက ဆရာတော်ကြီးများထံ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ အခမ်းအနားတွင် ပရိယတ္တိပူဇာအဖြစ် ခရိုင်နှင့်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့တို့နှင့် ဌာနဆိုင်ရာများ၊ ဆန်ကုန်သည်ကြီးများအသင်းမှ ကိုယ်စားလှယ်များ၊ ဆီလုပ်ငန်းရှင်အသင်းမှ ကိုယ်စားလှယ်များ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်ပြည်သူများ စုပေါင်းကာ သထုံမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်ပေါင်း ၃၈ ကျောင်းတို့အတွက် တန်ဖိုးငွေကျပ် စုစုပေါင်း ၁၆၂၇၈၀၀၀ ရှိ ဆွမ်းဆန်၊ ဆီနှင့် နဝကမ္မအလှူငွေတို့ကို ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၈**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အပါအဝင် မြို့နယ် ၁၇ မြို့နယ်တို့၌ လည်းကောင်း စာသင်ကျောင်းများ အတွင်း၊ အပြင်ရှိ ချုံနွယ်၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ခြင်ဆေးဖျန်းခြင်း၊ အဘိတ်ဆေးများခတ်ခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြသည်။

ထိုသို့ စာသင်ကျောင်းများပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ စုပေါင်းဆောင်ရွက်ကြသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့ မြို့မအနောက်ရပ်ကွက်ရှိ မြို့နယ်ပြည်သူ့ဆေးရုံ၌ နယ်မြေခံတပ်မတော်သားများက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်အတူ ဆေးရုံဝင်း အတွင်း၊ အပြင်ရှိ ချုံနွယ်၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တပ်နယ်များမှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းထွေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးနိုင်၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးမျိုးခိုင်၊ ယာဉ်ထိန်းတပ်ဖွဲ့စု (၆၁) မှ ဒုတိယရဲမှူး ဇော်လင်းထွန်း၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး ထွန်းထွန်းဝင်းနှင့် ရဲတပ်ဖွဲ့ဝင်အင်အား ၅၅ ဦးတို့က စက်တင်ဘာ ၂၈ ရက်က တိုက်ကြီးမြို့နယ် မင်္ဂလာရပ်ကွက် ရန်ကုန်-ပြည်လမ်းဘေးရှိ မစိုးရိမ်ဘုန်းတော်ကြီးကျောင်းဝင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ သတင်းစဉ်




အောက်တိုဘာ ၁ ရက်မှ ၅ ရက်အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ။

❂ **အောက်တိုဘာ ၁ ရက်မှ**

တွေ့ဆုံမှုကြောင့် လည်းကောင်း အောက်တိုဘာ ၁ ရက်မှ ၅ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။”

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်း ရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေး နှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်၊ သထုံတပ်နယ်မှူး ဗိုလ်မှူးကြီး အောင်အောင်ဟိန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိုးပိုင် ဦးဆောင်၍ သထုံတပ်နယ်မှ အရာရှိ/စစ်သည်များ၊ သထုံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ စုစုပေါင်းအင်အား ၂၅၀ ကျော်တို့က စက်တင်ဘာ ၂၈ ရက် နံနက် ၇ နာရီက သထုံမြို့၏ ကျက်သရေဆောင် လေးဆူဓာတ်စံ ရွှေစာရံစေတီတော်မြတ်ကြီး၌ စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်ကြစဉ်။

ခရိုင်(ပြန်/ဆက်)

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

# မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း (ဗဟို) နှစ်ပတ်လည်အထွေထွေစည်းဝေး

ရန်ကုန် စက်တင်ဘာ ၂၈

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း (ဗဟို) နှစ်ပတ်လည် အထွေထွေအစည်းအဝေးနှင့် အသင်းသားစုံညီအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ကျော်စိုးက အမှာစကားပြောကြားပြီး ပြင်သစ်အခြေစိုက် ကမ္ဘာ့အိမ်ခြံမြေအဖွဲ့ချုပ်မှ Mr.Narek Arakelyan၊ GeneralSecretary (FIABCI) Video Click ဖြင့် အမှာစကားပြောကြားကြသည်။



ထို့နောက် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို) ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဦးသန်းဦးက နှုတ်ခွန်းဆက်စကားပြောကြားပြီး ဥက္ကဋ္ဌ ဒေါ်မို့မို့အောင်က နှစ်ပတ်လည်အထွေထွေ အစည်းအဝေး ကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အသင်းသား အသင်းသူ ၂၀၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ကိုထက်



## ဂေါက်သီးရိုက်ကစားရာမှ တစ်ချက်တည်းကျင်းဝင်

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ရှိ "မဟာရွှေတြိဂံ( Maha Golden Triangle)" ဂေါက်ကွင်းတွင် စက်တင်ဘာ ၂၇ ရက်၊ ညနေ ၃ နာရီခန့်က ဦးအားဂါသည် ကစားဖော်များဖြစ်သည့် ဦးအားဆာ၊ ဦးဇော်ဝင်း၊ ဦးယားပါလုံ၊ ဦးအိုက်ပန်း တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် (၁၅၃)ကိုက် အကွာအဝေး ရှိ ကျင်းအမှတ်(၅)ကို Honma Iron 8 ဖြင့် Titleist No.3 ဂေါက်သီးအား ရိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားပါကြောင်း။

**ကစားဖော်များ**

# အာဆီယံ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအသင်း အုပ်စု(ခ)တွင် ကျရောက်

ရန်ကုန် စက်တင်ဘာ ၂၈

၂၀၂၄ အာဆီယံ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို စက်တင်ဘာ ၂၇ ရက်က ပြုလုပ်ရာ မြန်မာအသင်းသည် အုပ်စု(ခ)တွင် ကျရောက်ခဲ့သည်။

**ပြန်လည်ကျင်းပခြင်းဖြစ်**

ယင်းပြိုင်ပွဲကို နိုဝင်ဘာ ၂ ရက်မှ ၁၀ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး အသင်းကိုးသင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု(က)တွင် ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ တီမော၊ ဘရူနိုင်း၊ အုပ်စု (ခ) တွင် အင်ဒိုနီးရှား၊ မြန်မာ၊ ဩစတြေးလျနှင့် ကမ္ဘောဒီးယားအသင်းတို့ ပါဝင်နေသည်။ အာဆီယံဖူဆယ်ပြိုင်ပွဲကို ၂၀၂၂ ခုနှစ်တွင် နောက်ဆုံးကျင်းပပြီးနောက် ယခုနှစ်မှ ပြန်လည်ကျင်းပခြင်းဖြစ်သည်။ မြန်မာဖူဆယ်အသင်းသည် ပြိုင်ပွဲတစ်လျှောက် ဒုတိယတစ်ကြိမ်၊ တတိယနှစ်ကြိမ်ရရှိဖူးပြီး နောက်ဆုံးကျင်းပသည့် ၂၀၂၂ ပြိုင်ပွဲတွင် တတိယနေရာလုပွဲ၌ ဗီယက်နမ်အသင်းကို ပင်နယ်တီအဆုံးအဖြတ်၌ အရေးနိမ့်ခဲ့သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ၂၀၂၄ အာဆီယံ ဖူဆယ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် စက်တင်ဘာ ၁၉ ရက်မှစ၍ ပဏာမကစားသမား ၂၇ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ထိုင်းနိုင်ငံသား ဘန်လက်ချာယိုဝန်က ကိုင်တွယ်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးကြည်မင်းသိန်း၊ အုပ်ချုပ်သူအဖြစ် ဦးရဲဝင်းထွန်း၊ နည်းပြချုပ်အဖြစ် ဘန်လက်ချာယိုဝန်(ထိုင်း)၊ လက်ထောက်နည်းပြများအဖြစ် ဦးဌေးမြင့်၊ ဦးကျော်စိုးမိုး၊ ကြံ့ခိုင်ရေးနည်းပြအဖြစ် တာဝမ်(ထိုင်း)၊ ဂိုးနည်းပြအဖြစ် ကစ်တီဖတ်(ထိုင်း)၊ လက်ထောက်ဂိုးနည်းပြများအဖြစ် ဦးထွန်းထွန်းလတ်၊ ဦးကျော်ထက်အောင်၊ ဦးအောင်ကျော်ရွှေ၊ ပဏာမကစားသမားများအဖြစ် ဂိုးသမားများ-မိုင်းစိုးမြတ်ထွေး၊ ရဲထက်နိုင်၊ မျိုးကိုကိုဦး၊ မြတ်သူ၊ ကစားသမား - မျိုးမြင့်စိုး၊ ဝေဇင်ဦး၊ ကိုကိုလွင်၊ တိုးတက်အောင်၊ လဖိုင်ဇော်လွန်း၊ အောင်ဌေးဦး၊ ငြိမ်းမင်းစိုး၊ ထွဋ်ဝေထွန်း၊ ထွန်းမင်းလှိုင်၊ ရွှေဝင်းမောင်၊ လင်းသူရ၊ မျိုးသက်အောင်၊ ကောင်းထက်နိုင်၊ မင်းခန့်သူ၊ စည်သူအောင်၊ ဝေရဦး၊ အောင်ခန့်ပိုင်၊ နိုင်လင်းထွန်းကျော်၊ မျိုးသက်ကျော်၊ သက်နောင်၊ ရဲရင့်ရွှေပေါ၊ ဇင်မင်းညီနှင့် အာကာတို့ ပါဝင်ကြသည်။

သတင်း-ကိုညီလေး

**ဖခင်အမည်မှန်**

ရန်ကုန်တိုင်း ဒေသကြီး၊ ဒဂုံမြို့သစ်ခရိုင်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်ပညာရေးမှူးရုံးမှ မြို့နယ်ပညာရေးမှူး ဒေါ်အေးမာလွင် (ခ) ဒေါ်ခင်အေးမြင့်၏ ဖခင် အမည်မှန်မှာ ဦးထွန်းအောင်(ခ)ဦးဦးထွန်းအောင် ဖြစ်ပါကြောင်း။

**တောတောင် ပျက်ပြုန်း မြေဆီ သုဉ်း၏**

**ပတ်စ်ပို့ပျောက်**

ကျွန်မ ဇင်မင်းထွေး [၁၂/မဂတ (နိုင်) ၀၉၁၂၆၇] ၏ နိုင်ငံကူးလက်မှတ်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph:09-429022395

**ဖခင်အမည်မှန်**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အထက(၅) Grade -9 မှ မဝေနှင်းဦး၏ ဖခင် အမည်မှန်မှာ ဦးဇော်လေးတင့် [၁၂/မရက(နိုင်)၀၀၄၃၉၃] ဖြစ်ပါကြောင်း။

**ဦးဇော်လေးတင့်**

# ရမည်းသင်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံးဝင်းအတွင်းရှိ ဓာတ်အားခွဲရုံအသစ်မှ လျှပ်စစ်ဓာတ်အားလွှတ်တော့မည်



ရမည်းသင်း စက်တင်ဘာ ၂၈

ရမည်းသင်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံးဝင်းအတွင်းရှိ 66/33/11KVA ဓာတ်အားခွဲရုံအသစ်သို့ လျှပ်စစ်ဓာတ်အားလိုင်း ဆက်သွယ်ချိတ်ဆက်ပြီးစီး၍ လျှပ်စစ်ဓာတ်အားလွှတ်တော့မည် ဖြစ်ကြောင်း ရမည်းသင်းခရိုင် အင်ဂျင်နီယာမှူး ဦးအောင်ဇော်မြင့်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးနေလင်းဖြိုးနှင့် Test Lab အဖွဲ့တို့က စမ်းသပ်စစ်ဆေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးပါက လျှပ်စစ်ဓာတ်အားလိုင်း ချိတ်ဆက်၍ ရမည်းသင်းမြို့နယ်အတွင်း အချိန်ပြည့် လျှပ်စစ်ဓာတ်အား ရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

၁၄၄

**ငြင်းချက်ထုတ်ရန်ဆင့်စာ**
**(တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၂၀ )**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်**
**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၄၅**

**၁။ ဦးမောင်မောင်ထွေး နှင့် Dr.ဦးထွေးအောင်**
**၂။ ဦးအောင်ကိုကို**
**(တရားလိုများ) (တရားပြိုင်)**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ မိုးမခလမ်း၊ အမှတ်-(၉၈၂)နေ Dr.ဦးထွေးအောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။**

သင့်အပေါ်၌ တရားလိုများက "**ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု**" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၇ ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလိုများ၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေ့လက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးမိုးအောင်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

**ပြင်ဆင်ဖတ်ရှုပါရန်**

(၂၈-၉-၂၀၂၄) ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၂၉)တွင် ပါရှိသည့် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၆-ရပ်ကွက်၊ ၃၈-လမ်း(အလယ်)၊ အမှတ်-၁၄၉ ဟု ခေါ်တွင်သည့် (၂)ခန်းတွဲ (၅)ထပ်တိုက်အဆောက်အဦမှ (၁၂ ½ ပေx၅၀ပေ) အကျယ်အဝန်းရှိ (လမ်းမဘက်မှကြည့်လျှင် လက်ယာ ဘက်ခြမ်း) (မြေညီထပ် + မှန်ခန်း) တိုက်ခန်းနှင့် လျှပ်စစ်မီတာ/ရေမော်တာ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာချက်ပါ ဒေါ်လှဲ့လှဲ့ဝင်း တရားလွှတ်တော်ရှေ့နေစဉ် (၁၄၁၃၂) ၏ကြော်ငြာတွင် (၂)ခန်းတွဲ (၅)ထပ်တိုက်အစား (၂)ခန်းတွဲ (၆)ထပ်တိုက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ( ၈ )၊ လူနေရပ်ကွက်အမှတ် (၂)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြေကွက်အမှတ် ( ၅၀/က)၊ ဧရိယာ(၂၀)ပေx(၆၀)ပေ အကျယ်အဝန်းရှိသော ဦးမြင့်လှိုင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး** လက်ရှိအကျိုးခံစားလျက်ရှိသူ ဒေါ်စိန်ညွန့် [၁၂/ပဇတ(နိုင်) ၀၂၁၁၂၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း နောက်ဆုံးထား၍ ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မြမြစိုးဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၇၈၅၃/၁၆-၃-၂၀၁၀)**
**အမှတ်(၂၀)၊ အလိန်လည်(၁)လမ်း၊ (၅)ရပ်ကွက်၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၁၂၄၃၈၂**

## “ဒဂုံမြို့သစ်နှင့် သန်လျင်မြေကွက်များ ဝယ်လိုသည်”

ဒဂုံဆိပ်ကမ်း (၆၀/၆၁/၇၇ မှ ၉၁ အထိ/ ၁၄၈ မှ ၁၅၁ အထိ) ရပ်ကွက်များ၊ ဒဂုံအရှေ့ (၁၀၈/၁၁၈ မှ ၁၃၉ အထိ/ ၁၅၅ မှ ၁၆၀) အထိ ရပ်ကွက်များ၊ တ/ဒဂုံ (၁၄၅/၁၄၆/၁၄၇/၁၅၂/၁၅၃) ရပ်ကွက်များ၊ သန်လျင်(အောင်ချမ်းသာတိုးချဲ့)ရပ်ကွက် မြေကွက်များကို ပိုင်ရှင်ထံမှ တိုက်ရိုက်ဝယ်ယူလိုပါသည်။

**Ph: 01-7539922, 09-5134630, 09-798891857**
**(မြတ်တော်ဝင်)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၀ စီ၊ မြေကွက်အမှတ်- ၄၀၃ အိုင်-၁၊ ဧရိယာ (၀.၁၃၂)ဧက၊ မြေကွက်တည်နေရာအမှတ် (၁၈၂/က)၊ ဓမ္မစေတီလမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်း မြို့နယ်၊ ဒေါ်သဇင်ညွန့် [၁၂/စခန(နိုင်) ၀၅၆၀၀၄]၊ အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် မိခင် ဒေါ်သဇင်ညွန့်သည် (၁၄-၁၁-၂၀၂၂) ရက်နေ့တွင် ကွယ်လွန်သဖြင့် ဒေါ်သဇင်ညွန့်နှင့် ခင်ပွန်း (ဖခင်) ဖြစ်သူ ဦးကျော်ကျော်လှိုင်တို့တွင် သား/သမီး (၃)ဦးမွေးဖွားခဲ့ရာ ၎င်းတို့ဖြစ်သော ဦးမင်းမင်းသက်လှိုင် [၁၂/စခန(နိုင်) ၀၀၀၀၁၄]၊ ဒေါ်ရတနာစုလှိုင် [၁၂/ဗဟန(နိုင်) ၀၉၂၉၀၆]၊ ဦးချစ်ညီညီလှိုင် [၁၂/ဗဟန(နိုင်) ၀၈၈၃၇၉]တို့မှ အခြားအမွေဆက်ခံသူနှင့် ကိတ္တိမမွေးစားထားသည့် သားသမီးများမရှိကြောင်း၊ သားသမီးအရင်းအချာတော်စပ်သည်မှာ မှန်ကန်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ တရားရုံးမှတ်ပုံတင်အမှတ်- ၃၃၆/၂၀၂၃ (၉-၂-၂၀၂၃)ရက်နေ့ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဒေါ်သဇင်ညွန့်၏ သေဆုံးမှုလက်မှတ်၊ ဖခင် ဦးကျော်ကျော်လှိုင်နှင့် မိခင်ဖြစ်သူမှာ လုံးဝပေါင်းသင်းခြင်းမရှိပါကြောင်း၊ မိခင် ဒေါ်သဇင်ညွန့် အမွေဆက်ခံပိုင်ဆိုင်သည်မှာ မှန်ကန်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တရားရုံးမှတ်ပုံတင်အမှတ်- ၁၂၈၆/၂၀၂၃ (၂၀-၆-၂၀၂၃)၊ ဦးကျော်ကျော်လှိုင် [၁၂/စခန(နိုင်) ၀၅၆၀၀၈] မှ သား/သမီး (၃)ဦးတို့၏ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးခြင်းအတွက် ကန့်ကွက်ရန်မရှိသဘောတူကြောင်း (၉-၈-၂၀၂၄)ရက်စွဲဖြင့် တင်ပြစာ၊ အိမ်ထောင်စုစာရင်း၊ အမည်ပေါက်စွန့်လွှတ်မှတ်ပုံတင်စာချုပ်- ၂၉၈၂/၂၀၀၉ (၂၄-၉-၂၀၀၉)တို့ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်းမှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၀ စီ၊ မြေကွက်အမှတ်-၄၀၃ အိုင်/၂၊ ဧရိယာ (၀.၁၀၈)ဧက၊ မြေကွက်တည်နေရာအမှတ် (၁၈၂/ခ)၊ ဓမ္မစေတီလမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဒေါ်သဇင်ညွန့် [၁၂/စခန (နိုင်) ၀၅၆၀၀၄] အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက်မိခင် ဒေါ်သဇင်ညွန့်သည် (၁၄-၁၁-၂၀၂၂)ရက်နေ့တွင် ကွယ်လွန်သဖြင့် ဒေါ်သဇင်ညွန့်နှင့် ခင်ပွန်း (ဖခင်)ဖြစ်သူ ဦးကျော်ကျော်လှိုင်တို့တွင် သား/သမီး (၃)ဦး မွေးဖွားခဲ့ရာ ၎င်းတို့ဖြစ်သော ဦးမင်းမင်းသက်လှိုင် [၁၂/စခန(နိုင်) ၀၀၀၀၁၄]၊ ဒေါ်ရတနာစုလှိုင် [၁၂/ဗဟန(နိုင်) ၀၉၂၉၀၆]၊ ဦးချစ်ညီညီလှိုင် [၁၂/ဗဟန(နိုင်) ၀၈၈၃၇၉]တို့မှ အခြားအမွေဆက်ခံသူနှင့် ကိတ္တိမသားသမီးမွေးစားထားသည့် သားသမီးများမရှိကြောင်း၊ သားသမီးအရင်းအချာတော်စပ်သည်မှာ မှန်ကန်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၊ တရားရုံးမှတ်ပုံတင်အမှတ်- ၃၄၁/၂၀၂၃ (၉-၂-၂၀၂၃) ရက်နေ့ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဒေါ်သဇင်ညွန့်၏ သေဆုံးမှုလက်မှတ်၊ ဖခင် ဦးကျော်ကျော်လှိုင်နှင့် မိခင်ဖြစ်သူမှာ လုံးဝ ပေါင်းသင်းခြင်းမရှိပါကြောင်း၊ မိခင် ဒေါ်သဇင်ညွန့် အမွေဆက်ခံပိုင်ဆိုင်သည်မှာ မှန်ကန်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားရုံးမှတ်ပုံတင်အမှတ်- ၁၂၈၆/၂၀၂၃ (၂၀-၆-၂၀၂၃)၊ ဦးကျော်ကျော်လှိုင် [၁၂/စခန(နိုင်) ၀၅၆၀၀၈]မှ သား/သမီး (၃) ဦးတို့၏ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးခြင်းအတွက် ကန့်ကွက်ရန်မရှိသဘောတူကြောင်း (၉-၈-၂၀၂၄)ရက်စွဲဖြင့် တင်ပြစာ၊ အိမ်ထောင်စုစာရင်း၊ အမည်ပေါက်စွန့်လွှတ်မှတ်ပုံတင်စာချုပ်- ၂၉၈၁/၂၀၀၉ (၂၉-၉-၂၀၀၉)တို့ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်းမှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## YGN-12/7J-3996, VAUXHALLASTRA အမျိုးအစား အဖြူရောင်မော်တော်ယာဉ်နှင့်ပတ်သက်၍ ဦးစိုးသူရအောင်(ခ)စိုးကြီးနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းစက်မြေရပ်ကွက်၊ ထီးတန်း (၃)လမ်း၊ အမှတ်(၂၀)၊ (၆-လွှာ)(B)တိုက်အမှတ်-၄၇ နေ ဦးတေဇာအောင် [၁၄/အဂပ(နိုင်)၁၇၇၆၂၂]၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးစိုးသူရအောင်(ခ)စိုးကြီးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၆)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၁၁၅၆)တွင် ကားဝပ်ရှော့လုပ်ငန်းနှင့် နေအိမ်တွဲလျက် နေထိုင်လုပ်ကိုင်သူဖြစ်သော ဦးစိုးသူရအောင်(ခ)စိုးကြီးထံသို့ အထက်ဖော်ပြပါ မော်တော်ယာဉ်အား (ကားအဲကွန်းပြုပြင်ရန်)အတွက် (၅-၈-၂၀၂၄)ရက်နေ့ကတည်းက အပ်နှံထားခဲ့ခြင်းဖြစ်ပါသည်။ ထိုသို့ ကားအား အပ်နှံထားခဲ့ပြီးနောက် (၂၃-၉-၂၀၂၄)ရက်နေ့တွင် ကျွန်ုပ်၏ မိတ်ဆွေမှ အဆိုပါ ကားဝပ်ရှော့သို့ သွားရောက်ယူခဲ့ရာတွင် ကျွန်ုပ်၏ မိတ်ဆွေပိုင်ဆိုင်သော အထက်ဖော်ပြပါ မော်တော်ယာဉ်အား မတွေ့ရှိတော့သည့်အပြင် ကားပြုပြင်ပေးရန် အလုပ်လက်ခံခဲ့သူ ဦးစိုးသူရအောင်(ခ) စိုးကြီးလည်း မတွေ့ရှိတော့ဘဲ အမျိုးမျိုးဆက်သွယ်၊ စုံစမ်းမှုများပြုလုပ်ခဲ့ရာတွင်လည်း အဆက်အသွယ်မရရှိတော့၍ ထွက်ပြေးတိမ်းရှောင်နေကြောင်း သိရှိခဲ့ရပါသည်။ သို့ဖြစ်၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ (ကားအဲကွန်းပြုပြင်ရန်) လုပ်ငန်းအပ်နှံထားခဲ့သည့် အထက်ဖော်ပြပါ မော်တော်ယာဉ်အား ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုခြင်း၊ သိရှိခြင်းတစ်စုံတစ်ရာမရှိဘဲ၊ တစ်ဆင့်လွှဲပြောင်းရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေါင်နှံခြင်း၊ လက်ခံထားခြင်းများ မပြုလုပ်ရန်နှင့် ယင်းကားအားတွေ့ရှိပါက ကျွန်ုပ်ထံလာရောက်၍ဖြစ်စေ၊ ဆက်သွယ်၍ဖြစ်စေ အကြောင်းကြားပါရန်နှင့် အကယ်၍ လက်ခံ၍ထားရှိထားပါက လက်ခံရယူထားသူ မည်သူကိုမဆို တရားဥပဒေအရ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာချို (LL.B , DIPL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၇၇၀)**
**အမှတ်(၆၇၈)၊ ဣန္ဒာ(၆)လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၉၇၄၀၀၀၈၃၉**

## ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်- ရလပ-၂၃၊ မြေကွက်အမှတ်- ၁၉၅၅၊ အကျယ်အဝန်း (၄၀ ပေ x ၆၀ ပေ)ရှိ ဦးအောင်ကျော်မိုး အမည်ပေါက် ပါမစ်မြေကွက်အနက်မှ (၂၀ပေx၆၀ပေ) (ခေါင်းရင်းခြမ်း)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၉၅၅)၊ ကျန်စစ်သားလမ်း၊ ရွှေလင်ပန်း၊ (၂၃) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်၊ နေအိမ်တို့နှင့်ပတ်သက်၍ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဦးအောင်ကျော်မိုး [၁၂/လသယ (နိုင်) ၀၃၁၂၂၆] နှင့် ဒေါ်ဖြူဖြူဝင်း [၁၂/လသယ (နိုင်) ၀၅၀၈၈၉]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်သီတာမမ (LL.B, D.M.L,D.I.L)** | **ဒေါ်ခင်မျိုးလတ် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၂၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၇၅)** |

**အမှတ် (၄၄)၊ ပ-ထပ်၊ အခန်း (၁၀)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၃၁၂၁၅၇၃၊ ၀၉-၂၅၄၁၃၀၀၇၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ဦးဖိုးထွန်းလမ်း၊ (ဝါခင်းတောင်း ကျောင်းလမ်း)အမှတ်- မ/၁၂၃၃၊ အကျယ်အဝန်း ရှေ့မျက်နှာစာ အလျား ၃၅ပေ၊ အလယ်အလျား ၄၂ပေ၊ အနောက်အလျား ၄၃ပေ၊ အနံ ရှေ့နောက် ၉၅ ပေရှိ မြေနှင့် ယင်းမြေတွင်ဆောက်လုပ်ထားသော ရေမီးအစုံ သစ်သားသွပ်ကာအိမ်ငယ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်ပြုံးပြုံးစန်း [၁၄/ဘကလ(နိုင်) ၁၄၆၆၀၂]မှ အဆက်စပ်အရပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ ရောင်းဖိုးငွေအနက်မှ စရန်ငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ယခုကြော်ငြာသည့်နေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ခင်အိအိထွန်း[၁၄/ပသန (နိုင်)၁၇၁၂၂၂] ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထူးသဉ္ဇာဦး(LL.B, CBL,DBL)**
**(DL.101 WIPO Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၈၃)**
**အမှတ်- ၃၂၀၊ ၃-လွှာ၊ ဘုရင့်နောင်လမ်းနှင့် ဆရာစံလမ်း၊ ပင်လုံလမ်းကြား၊ ၃၁-ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၀၄၄၁၀၀၇၀၊ ၀၉-၇၈၇၀၈၀၃၃၇**

## (၈-၉-၂၀၂၄)ရက်စွဲပါ ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ (၂၈)တွင် တရားလွှတ်တော်ရှေ့နေ ဒေါ်စန်းစန်းဝင်းနှင့် အထက်တန်းရှေ့နေ ဒေါ်ရွှေရည်တင့်တို့၏ ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်းအပေါ် ကန့်ကွက်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ (တောင်)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆F-5)၊ မြေကွက်အမှတ်- ၁၅၂၊ ဧရိယာ(၀.၀၄၁)ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်၏မြေနှင့် အကျိုးခံစားခွင့်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော(တောင်)ရပ်ကွက်၊ သရက်တော (၆)လမ်း၊ တိုက်အမှတ်- ၆၅ ဟုခေါ်တွင်သည့် (၁)ခန်းတွဲ (၈)ထပ်တိုက်၏ အကျယ်အဝန်း ၃၈ပေx ၅၅ပေ၊ အမြင့် (၁၇ ပေ)ရှိ မြေညီတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်သဇင်မှ ယနေ့အချိန်ထိ တရားဝင်ပိုင်ဆိုင်ပြီး ဦးသက်နိုင်ထွန်း [၁၀/သဖရ(နိုင်) ၀၈၂၈၀၉]အား မည်သည့်အချိန်တွင်မှ ရောင်းချထားခြင်းမရှိဘဲ ပေါင်နှံထားခြင်းသာဖြစ်ပါသည်။ ငွေရှင် ဦးသက်နိုင်ထွန်း၏ ဆန္ဒအရ ဒေါ်သဇင်မှ လက်မှတ်ရေးထိုးပေးခဲ့ရသည့် ဟန်ဆောင်ချုပ်ဆိုထားသည့် စာချုပ်စာတမ်းများသာဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေအကျိုးခံစားခွင့်နှင့်တကွ မြေညီတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်ပါကြောင်း ဒေါ်သဇင်၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်ခိုင်မေလှိုင်** | **ဒေါ်ချိုမာလွင်** | **ဒေါ်အေးအေးမိုးမြင့်** |
| **(စဉ်- ၇၉၁၆/၂၁-၁၂-၂၀၁၁)** | **(စဉ်- ၁၀၉၉၈)** | **(စဉ်- ၁၇၂၀၃)** |
| **LL.B., D.B.L., Dip in English** | **LL.B** | **LL.B.,D.B.L** |

**တရားလွှတ်တော်ရှေ့နေများ**
**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း- ၁၀၄(D)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၅၀၈၃၈၀၅၊ ၀၉-၇၉၉၆၁၈၄၇၂**

## “အများသိစေရန်ကြေညာချက်”

ဦးဝေလင်းနိုင် [၁၂/တကန(နိုင်)၁၄၈၉၂၉](ခေတ္တ-ဒူဘိုင်း)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဦးဝေလင်းနိုင်နှင့် ဒေါ်နန့်သီရိနွယ်တို့သည် လက်ထပ်ပွားပစ္စည်းအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၅၅) ရပ်ကွက်၊ ဖြဟ္မစိုရ်လမ်း၊ အမှတ်(၆၆၄)၊ အကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးကို (၂၀၁၇)ခုနှစ်ခန့်မှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးတည်း အမည်ဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထားများမှာ ဒေါ်နန့်သီရိနွယ်၏ လက်ဝယ်၌ သိမ်းဆည်းထားရှိပါသည်။ အထက်ပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ကျွန်ုပ်၏မိတ်ဆွေ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ဒေါ်နန့်သီရိနွယ် အပါအဝင် အခြားမည်သူတစ်ဦးတစ်ယောက်မှ အရောင်းအဝယ်မပြုလုပ်ပါရန်နှင့် အကယ်၍ အရောင်းအဝယ်ပြုလုပ်ပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ကြောင်းနှင့် ရောင်းမှားဝယ်မှားကိစ္စနှင့်ပတ်သက်၍ ပြဿနာအရှုပ်အရှင်းတစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက ကျွန်ုပ်၏မိတ်ဆွေမှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ကြောင်း နှင့် အကယ်၍ ရောင်းချမည်ဆိုပါကလည်း ကျွန်ုပ်၏မိတ်ဆွေ ဦးဝေလင်းနိုင်နှင့် ဒေါ်နန့်သီရိနွယ်တို့ (၂)ဦး သဘောတူညီချက်ဖြင့်သာ အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာချို ( LL.B., DIPL )**
**တရားလွှတ်တော်ရှေ့နေ( စဉ်-၁၇၇၇၀ )**
**အမှတ်- ၆၇၈၊ ဣန္ဒာ (၆)လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၉၇၄၀၀၀၈၃၉၊ ၀၉-၂၅၀၁၇၂၉၁၉**

## မင်းကွန်းတိပိဋက-နိကာယသာသနာပြုဥပဋ္ဌာကအဖွဲ့ လှူဒါန်းနိုင်ပါသည်

မြန်မာနိုင်ငံတော်တွင် အဆင့်မြင့်တိပိဋကဓရ ပရိယတ္တိစာပေများကို သင်ကြားပို့ချနေသည့် ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိပိဋက-နိကာယကျောင်းတိုက်ကြီးများတွင် ဓမ္မာစရိယအောင်မြင်ပြီး တိပိဋက(၁)ပုံအောင်၊ (၂)ပုံအောင်၊ (၃)ပုံဆောင်၊ (၃)ပုံအောင် ဆရာတော်၊ သံဃာတော်များ ပိဋကတ်စာပေများကို ကျက်၊ အံ၊ ကြံ၊ ကြည့်၍ ဓမ္မက္ခန္ဓာပေါင်း(၈၄၀၀၀) တို့ကို နှလုံးအိမ်၌ ကိန်းအောင်းစေလျက် သီတင်းသုံး နေထိုင်တော်မူကြသော သာသနာ့အာဇာနည်အရှင်သူမြတ် အပါး(၁၅၀)တို့အား ဆွမ်း၊ ပစ္စည်းလေးပါး၊ မပူမပင် မကြောင့်မကြရလေအောင် တိ-နိအဖွဲ့များမှ ကြိုးပမ်းဆောင်ရွက်တော်မူ၍ ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ နေ့-ည စတုမဓု အချိုရည်များ ဆက်ကပ်လှူဒါန်းလျက်ရှိပါသည်။

| | | | |
|---|---|---|---|
| ၁။ | ဆွမ်းပဒေသာပင်တစ်ပင်လျှင် | ကျပ်-၁၀၀၀၀ိ/- | ပိတ်ရက် |
| ၂။ | ပစ္စည်းလေးပါးပဒေသာပင်တစ်ပင်လျှင် | ကျပ်-၂၀၀၀ိ/- | မရှိ |
| ၃။ | ရေ၊ မီး၊ ဆေးပဒေသာပင်တစ်ပင်လျှင် | ကျပ်-၅၀၀၀ိ/- | လှူဒါန်း |
| ၄။ | စာအောင်ဆုနှင်းပဒေသာပင်တစ်ပင်လျှင် | ကျပ်-၅၀၀၀ိ/- | နိုင် |
| ၅။ | ကျောင်းရှိသံဃာအကုန် အရုဏ်ဆွမ်း | ကျပ်-၇၅၀၀၀ိ/- | ပါသည် |
| ၆။ | ကျောင်းရှိသံဃာအကုန် နေ့ဆွမ်း | ကျပ်-၁၅၀၀၀၀ိ/- | |

လှူဒါန်းပြီး အနုဂါမိကရွှေအိုးကြီးမြှုပ်နှံ၍ ပရိယတ္တိသာသနာတော်ကြီးအား ချီးမြှောက်တော်မူကြရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။ ဆွမ်းပဒေသာပင်များ (၁၀၀၀)စီပြည့်တိုင်း မှတ်တမ်းတင်စာအုပ်ထုတ်၍ ရေစက်ချပွဲ အခမ်းအနားကို ရန်ကုန်မြို့၊ တိပိဋကကျောင်းတော်၌ ကျင်းပပြုလုပ်ပါသည်။

**ဆက်သွယ်လှူဒါန်းနိုင်သောဌာနများ**

၁။ တိ-နိ ရန်ကုန် တိပိဋကကျောင်းတော်၊ အမှတ်(၁၂)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊
- မြန်မာ့စီးပွားရေးဘဏ်၊ ငွေစုဘဏ်(၂)၊ ရန်ကုန် A/C No.SS.177064
- KBZ BAHOSI BR Yangon. A/C No.061-301-06100094501 -ဦးသိန်းလှိုင်
- AGD Bank(MGTN), A/C 3240301000254013
- CB Bank A/C 0002600 1000 28851
  AYA Bank A/C 40020682989
  A Bank A/C-0014010200009553

ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၄၀၄၉၂၊ ၂၂၂၂၇၇၊ ၂၂၂၂၇၈၊ ၂၂၂၂၇၉၊ ၀၉-၄၄၃၁၉၇၉၉၅

၂။ တိ-နိ မန္တလေး၊ အမှတ်(၁၉)၊ ၂၆(ဘီ)လမ်း၊ ပိုက်ကျိုးရပ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၂၁၃၁၀၂၃-ဦးဝင်းဆွေ

၃။ တိပိဋက-နိကာယ မော်လမြိုင်ကျောင်းတိုက်၊ ၃၇ လမ်းနှင့် ၃၈ လမ်းကြား၊ ဗိုလ်ချုပ်လမ်းမ၊ ရန်ကုန်။ ဖုန်း-၀၉-၄၄၃၁၉၇၉၉၅၊ ၀၉-၇၉၅၇၉၅၇၉၀

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ မြေကွက်အမှတ်(၃၁၀)၊ အကျယ်အဝန်း (အလျား ၄၀ပေx အနံ ၆၀ပေ)၊ ဧရိယာ (၀.၀၅၅)ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ယခုအခေါ် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ ဗိုလ်ဇင်ယော်လမ်း၊ အမှတ်(၃၁၀)ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်ကျော်ကျော် [၁၂/ဗဟန(နိုင်) ၀၇၀၂၁၉]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ် တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေနှင့်အိမ် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်မြလှဲ့ဝင်း(L.L.B)** | **ဒေါ်အေးအေးသိန်း(B.A, PGDL)** | **ဒေါ်စန်းမြသက်(B.Sc, PGDL)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၉၂၁၂)** | **(စဉ်-၅၆၅၆၆)** | **(စဉ်-၅၆၅၆၅)** |

**အမှတ်- ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph- ၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃၊ ၀၉-၈၉၉၂၉၉ ၂၅၅**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကမ-၅၊ မြေကွက်အမှတ်- ၆၁/ခ၊ အကျယ်အဝန်း (၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ် (၆၁/ခ)၊ ဘားအံလမ်း၊ (၉) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဦးသိန်းအောင် (ISN-၂၁၂၄၅) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးသိန်းအောင်ထံမှ အရပ်ကတိ အရောင်းစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးဝင်းမင်းအောင် [၉/မရမ(နိုင်) ၀၇၉၈၃၅]၊ ဦးကိုကိုဦး [၉/မရတ(နိုင်) ၁၁၅၂၃၉]တို့မှ အရပ်ကတိအရောင်းစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ ပါမစ်မူရင်းတွင် မိသားစုဓာတ်ပုံ၊ ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်၊ မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်း စာရွက်တို့တင်ပြပြီး၊ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်စာရွက် တင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်(မစုံ)ဖြင့် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

**တောတောင်**
**ပျက်ပြုန်း**
**မြေဆီ သုဉ်း၏**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ အင်းစိန်လမ်း၊ အမှတ်- ၇၅၊ ပထမထပ်၊ ခြေရင်းခန်းဟုခေါ်တွင်သောတိုက်ခန်းကို လက်ရှိလက်ဝယ်ပိုင်ဆိုင်ထားပြီး အရောင်းအဝယ်ပြုလုပ်ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်လှလှဝင်း [၁၄/ဟသတ(နိုင်) ၀၄၃၄၁၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်အေးအေးခိုင် [၁၂/အလန(နိုင်)၀၂၇၆၁၈]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ထိုတိုက်ခန်းနှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက မည်သူမဆို ကျွန်ုပ်တို့ထံသို့ ဤသတင်းစာပါသည့်နေ့မှ (၇)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဦးသူရိန်မြင့် LL.B (စဉ်- ၉၅၂၁/၂၀၁၃ ခုနှစ်)**
**ဒေါ်ဆုမွန်ဆွေ LL.B,D.B.L (စဉ်- ၁၂၈၁၈/၂၀၁၇ ခုနှစ်)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၃၁၊ ဆင်ရေကန်လမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၅၀၅၉၈၂၂၊ ၀၉-၇၉၅၇၉၀၇၆၇**

## ကိုဝေလင်းနိုင် (ဘ) ဦးစောအောင်နှင့် အများသိစေရန်ကြော်ငြာခြင်း

ကျွန်ုပ်အမှုသည်ဖြစ်သူ မနန့်သီရိနွယ် (ဘ) ဦးမန့်နီကောလား၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြော်ငြာအပ်ပါသည်-

ကျွန်ုပ်အမှုသည်ဖြစ်သူနှင့် လူကြီးမင်းသည် ၂၀၁၂ ခုနှစ် လက်ထပ်ပေါင်းသင်းနေထိုင်ခဲ့ကြပြီး သား (၂)ဦး မွေးဖွားခဲ့သည်။ ယခုနောက်ပိုင်းတွင် စိတ်သဘောထားတိုက်ဆိုင်မှုမရှိကြတော့ပါသဖြင့် ကွာရှင်းပြတ်စဲလက်မှတ်ရေးထိုးရန်နှင့် ပစ္စည်းခန်းခွဲဝေခြင်းကိစ္စရပ်တို့ကို အကြိမ်ကြိမ်ညှိနှိုင်းကြသော်လည်း လူကြီးမင်းဘက်မှ ဥပဒေ၏ချမှတ်ထားသော နည်းဥပဒေပြဋ္ဌာန်းချက်များကို သွေဖယ်၍လည်းကောင်း၊ မိသားစုရေးရာကိစ္စရပ်အဝဝတို့အား ကျွန်ုပ်အမှုသည်၏ ကိုယ်ပိုင်ဆန္ဒနှင့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို လျစ်လျူရှုပြီး အတင်းအကျပ်စေခိုင်းကာ (၂၃-၉-၂၀၂၄)ရက်နေ့တွင် ကွာရှင်းလက်မှတ်ရေးထိုးခဲ့ခြင်းနှင့် ပစ္စည်းခန်းခွဲခြင်း သဘောတူစာချုပ်တို့အား ကျွန်ုပ်အမှုသည်ဖြစ်သူ၏ သဘောဆန္ဒတစ်စုံမပါဝင်ဘဲ ရေးထိုးခဲ့ရမှုတို့ကြောင့် လူကြီးမင်းနှင့် ကျွန်ုပ်အမှုသည်တို့သည် တရားဝင်ကွာရှင်းပြတ်စဲ လက်မှတ်ထိုးခြင်းကိစ္စအား ဥပဒေအရသော်လည်းကောင်း၊ မိသားစုရေးရာအရသော်လည်းကောင်း မည်သို့မျှ တရားမဝင်ကြောင်း၊ အကျုံးမဝင်ကြောင်းနှင့် ယနေ့ထိတိုင် တရားဝင်ဇနီးမယားအဖြစ်သာ တည်ရှိနေကြောင်း ဥပဒေ၏ ချမှတ်ထားသည့် တည်ဆဲဥပဒေများအရသာ ရင်ဆိုင်ဖြေရှင်းသွားမည်ဖြစ်ကြောင်း ညွှန်ကြားချက်များအရ အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ**
**ဒေါ်ပြုံးမာလွင် (LL.B) အထက်တန်းရှေ့နေ (စဉ်- ၄၇၅၃၀)**
**အမှတ်(၇၃)၊ ဗိုလ်ဇင်ယော်လမ်း၊ အောင်ချမ်းသာ (၃)ရပ်ကွက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး။ Ph: 09-750846611**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **သစ်ပင်သစ်တောစိုက်ပျိုးခြင်းများဖြင့် သဘာဝဘေးအန္တရာယ်ကို အထိုက်အလျောက်လျှော့ချနိုင်သဖြင့် ဒေသအသီးသီးရှိ ကျေးရွာအုပ်စုများအလိုက် သစ်တောစိုက်ခင်းများစိုက်ပျိုးပြီး နိုင်ငံတစ်ဝန်း၌ သစ်ပင်သစ်တောများ ဖြစ်ထွန်းအောင်မြင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ပြည်သူများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လို...**

❖ **သစ်တောပြုန်းတီးမှုများ မရှိစေရေးအတွက်လည်း အမျိုးသားရေးစိတ်ဓာတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရန်လို**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## MNL ယူ-၂၀ ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း နိုင်ပွဲဆက်

**နေပြည်တော် စက်တင်ဘာ ၂၈**

၂၀၂၄ ရာသီ MNL ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် ၁၆ ပထမနေ့ကို စက်တင်ဘာ ၂၈ ရက်က ဆက်လက်ကျင်းပရာ ရှမ်းယူနိုက်တက်အသင်း နိုင်ပွဲဆက်ခဲ့သည်။

စလင်းကွင်း၌ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက မဟာယူနိုက်တက်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုနိုင်ပွဲကြောင့် ဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်လျက်ရှိသည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၃၂ မိနစ်တွင် မျိုးခိုင်၊ မိနစ် ၆၀ တွင် ထက်မြတ်လွင်၊ ၇၆ မိနစ်တွင် နေလင်းသွေးတို့က သွင်းယူခဲ့သည်။ **စာမျက်နှာ ၁၉ ကော်လံ ၁ သို့** ❖



ရှမ်းယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

အောက်တိုဘာ ၁ ရက်မှ ၅ ရက်အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ။




## အောက်တိုဘာ ၁ ရက်မှ ၅ ရက်အတွင်း နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် စက်တင်ဘာ ၂၈**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ အပူပိုင်းတက်တိမ်များဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသောလေအေးများ **စာမျက်နှာ ၂၄ ကော်လံ ၁ သို့** ❂

## ဦးဆောင်ဂိုးစတင်သွင်းယူနိုင်ခဲ့သော်လည်း မန်စီးတီးအသင်း သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရ

ပရီမီယာလိဂ်ပွဲစဉ်(၆)ရဲ့ စက်တင်ဘာ ၂၈ ရက်ညပိုင်း အစောဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ နယူးကာဆယ်အသင်းနဲ့ မန်စီးတီးအသင်းတို့ပွဲစဉ်မှာ မန်စီးတီးအသင်းဟာ ဦးဆောင်ဂိုးစတင်သွင်းယူနိုင်ခဲ့သော်လည်း သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရတာဖြစ်ပါတယ်။

နယူးကာဆယ်အသင်းနဲ့ မန်စီးတီးအသင်းတို့ပွဲစဉ်မှာ မန်စီးတီးအသင်းဟာ ပထမပိုင်းပွဲကစားချိန် ၃၅ မိနစ်မှာ ဂွီဗာဒီယိုးလ်ရဲ့သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့တာဖြစ်ပြီး ဒုတိယပိုင်းပွဲကစားချိန် ၅၈ မိနစ်မှာ နယူးကာဆယ်အသင်းက **စာမျက်နှာ ၁၉ ကော်လံ ၄ သို့** ○



နယူးကာဆယ်အသင်းနှင့် မန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။


**ယနေ့ ဖတ်စရာ**

**ရန်ကုန်တိုင်းဒေသကြီးအတွင်း အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့သည့် Anonymous Force အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ** စာမျက်နှာ » ၁၄

**ငဖဲမြို့နယ် ဂုတ်ကြီးကျေးရွာတွင် ဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းချိုင့်သွားပို့သည့် ဖခင်နှင့် လေးနှစ်အရွယ်သမီးငယ်တို့အား PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်** စာမျက်နှာ » ၁၅

**ပင်လယ်ပြင်အတွင်း ၁၆ ရက်ခန့် မျောပါနေသောမြန်မာနိုင်ငံသား လှေလုပ်သားသုံးဦးကို ကယ်ဆယ်ရရှိ** စာမျက်နှာ » ၁၇